# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်ပမှ တင်သွင်းမှုများအပေါ် လေ့လာတင်ပြချက်

**တင်ပြသူ** ဒေါက်တာရွှေစင်ကို ၊ စီးပွားရေးသံမှူး (နန်နင်းမြို့)

**ရည်ရွယ်ချက်**

တရုတ်နိုင်ငံအတွင်း၌ သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်နေမှုအခြေအနေများနှင့် ပြည်ပမှတင်သွင်းမှုအခြေအနေများကို မြန်မာနိုင်ငံမှ သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ် တင်ပို့ ရောင်းချသူများသိရှိလေ့လာ၍ လိုအပ်သည်များကိုပြင်ဆင်နိုင်ကြစေရန်နှင့် အသေးစိတ် ဆက်လက်လေ့လာနိုင်ကြစေရန် ရည်ရွယ်၍တင်ပြခြင်းဖြစ်ပါသည်။

**တရုတ်နိုင်ငံ၏ စိုက်ပျိုးရေးသမိုင်းအကျဉ်းချုပ်**

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းကို အစောဆုံးပြုလုပ်ခဲ့ပြီး၊ အရေးအပါဆုံးနိုင်ငံဖြစ်ကြောင်း သမိုင်းအထောက်အထားများအရ တွေ့ရှိရပါသည်။ မက်မွန်သီး၊ အာရှသစ်တော်သီး၊ တရုတ်ဆီးသီး၊ ဆီးသီး၊ သစ်ချသီးနှင့် သစ်အယ်သီးကဲ့သို့သော သစ်သီးဝလံများနှင့် အစေ့အဆန်တို့မှာ တရုတ်နိုင်ငံမှပင်ရင်းဖြစ်ကြောင်း ရှေးဟောင်း အထောက်အထား တူးဖော်တွေ့ရှိမှုများမှ တွေ့ရပါသည်။ သမိုင်းကြောင်းတလျှောက် သစ်သီးဝလံစိုက်ပျိုးသည့်အတွေ့အကြုံများရှိသဖြင့် ပိုးမွှားထိန်းချုပ်ခြင်းနှင့် သိုလှောင်သည့် နည်းပညာများကိုလည်း တိုးတက်ဆောင်ရွက်လာနိုင်ခဲ့ပါသည်။

(၁၉၈၀)ခုနှစ်များ၏ အလယ်ပိုင်းခန့်အထိ တရုတ်နိုင်ငံက ကမ္ဘာပေါ်တွင် လတ်ဆတ်သစ်သီးဝလံအများဆုံးထုတ်လုပ်စားသုံးသည့်နိုင်ငံဖြစ်ခဲ့ပါသည်။ (၂၀၁၇)ခုနှစ်တွင် တစ်ကမ္ဘာလုံးသစ်သီးထုတ်လုပ်မှု၏ (၄၃)ရာခိုင်နှုန်းကျော်ကို တရုတ်နိုင်ငံကထုတ်လုပ်ပြီး၊ ကမ္ဘာပေါ်တွင် ဒုတိယသစ်သီးဝလံအများဆုံးထုတ်လုပ်သည့် နိုင်ငံအဖြစ်ရပ်တည်နေပါသည်။ (၂၀၁၈)ခုနှစ်အတွင်း သစ်သီးဝလံတန်ချိန် (၂၅၇)သန်းနီးပါးထုတ်လုပ်ခဲ့ကာ တန်ချိန် (၄.၉) သန်းခန့် ပြည်ပမှတင်သွင်းခဲ့ပါသည်။ တရုတ်နိုင်ငံမှ ပန်းသီးနှင့် သစ်တော်သီးထုတ်လုပ်မှုများမှာ တစ်ကမ္ဘာလုံးထုတ်လုပ်မှု၏ (၄၄.၄)ရာခိုင်နှုန်းခန့်ရှိပါသည်။


တရုတ်လူမျိုးများသည် ယဉ်ကျေးမှုထုံးတမ်းစဉ်လာအရ ကျန်းမာရေးထူးခြား ကောင်းမွန်စေရန် လတ်ဆတ်သစ်သီးဝလံများကို များစွာနှစ်ခြိုက်စွာစားသုံးကြပြီး ၊ အရေးပါသည့် ပွဲများတွင် အထူးတလည်ထည့်သွင်းခြင်းနှင့် လက်ဆောင်ပေးခြင်းတို့ကိုလည်း ပြုလုပ်

တတ်ကြပါသည်။ လတ်ဆတ်သစ်သီးဝလံများမှာ တရုတ်လူမျိုးများ၏ နေ့စဉ်အစာအာဟာရ၌ အရေးပါသော အစိတ်အပိုင်းအဖြစ် ပါဝင်နေပါသည်။ လူတစ်ဦးချင်း သစ်သီးဝလံစားသုံးနိုင်မှုမှာ (၁၉၇၈)ခုနှစ်တွင် (၆.၈)ကီလိုဂရမ်သာရှိခဲ့ရာမှ (၁၉၉၇)ခုနှစ်တွင် (၄၁.၂) ကီလိုဂရမ်ရှိလာပါသည်။

တရုတ်အစိုးရက မြေသြဇာပြည့်ဝသည့် အနိမ့်ပိုင်းဒေသများကို ကောက်ပဲသီးနှံနှင့် ဝါ စိုက်ပျိုးမှုအတွက် ထားရှိလျက်၊ တောင်ကုန်းတောင်တန်းထူထပ်သည့်ဒေသများကို သစ်သီးဝလံလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် မူဝါဒချမှတ်၍ အားပေးခဲ့ပါသည်။ ကုန်းမြင့်ဒေသများ၌ သစ်သီးဝလံစိုက်ပျိုးရန် အားပေးမှုတွင် နေရောင်ခြည်ပိုမိုရရှိ၍ အမျိုးအစား အမျိုးမျိုးစိုက်ပျိုးလာနိုင်ခြင်း၊ အရည်အသွေးနှင့် အရောင် ပိုမိုကောင်းမွန်ခြင်း၊ သကြားပါဝင်မှု ပိုမိုများပြားခြင်း၊ ကောက်ပဲသီးနှံစိုက်ပျိုးသူများထက် အမြတ်ပြန်ရချက် ပိုမိုများသောကြောင့် တောင်တန်းဒေသတွင် နေထိုင်သူများ၏ လူမှုစီးပွားဘဝများကို တိုးတက်ကောင်းမွန်စေလာခြင်း၊ စီးပွားဖြစ် သီးနှံခြံများတွင် ရင်းနှီးမြှုပ်နှံလာကြသောကြောင့် အခြေခံအဆောက်အအုံများပါ တိုးတက်ကောင်းမွန်လာခြင်း၊ သစ်သီးဝလံနှင့် ဆက်စပ်သော ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာခြင်း၊ သဘာဝပတ်ဝန်းကျင်ကို အထောက်အကူပြုခြင်းစသည့် အကျိုးကျေးဇူးများပါ တိုးတက်ဖြစ်ထွန်းလာပါသည်။ ယခုနောက်ပိုင်း၌ တရုတ်နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍမှာ သုတေသနနှင့် စိုက်ပျိုးသည့်နည်းပညာများတွင် ရင်းနှီးမြှုပ်နှံမှုများ သိသာစွာတိုးမြှင့်လာသောကြောင့် အသေးစားစိုက်ခင်းများမှ အကြီးစား စီးပွားဖြစ်စိုက်ပျိုးသူများအဖြစ် ပြောင်းလဲလာလျက်ရှိပါသည်။

**တရုတ်နိုင်ငံ၏ ရာသီဥတုအခြေအနေ**

တရုတ်နိုင်ငံသည် နိုင်ငံ၏ ဧရိယာကြီးမားသဖြင့် ၎င်းတွင် Alpine–Cold Zone၊ Temperate Continental Zone၊ Temperature Monsoon Zone၊ Subtropical Monsoon Zone နှင့် Tropical Monsoon Zoneဟူ၍ (၅)မျိုးရှိပါသည် (တစ်ဖက်ဖော်ပြပါပုံများအနက် ဘယ်ဖက်ရှိပုံ)။ ထို့ကြောင့် မြောက်ပိုင်း ၊ အနောက်မြောက်ပိုင်းနှင့် အရှေ့ မြောက်ပိုင်းဒေသများမှာ အလွန်အေးပြီး၊ အရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများမှာ နွေရာသီတွင် ပူ၍ ဆောင်းရာသီတွင် အေးကာ၊ တောင်ပိုင်းဒေသများမှာ နွေရာသီတွင် ပူနွေးပြီး၊ ဆောင်းရာသီတွင် အသင့်အတင့်သာ အေး၍ မိုးများစွာရွာသွန်းလေ့ရှိပါသည်။ ဟိုင်နန်ကျွန်းတွင် အပူပိုင်းမုတ်သုန်ရာသီဥတုမျိုးကို ရရှိပါသည် (တစ်ဖက်ဖော်ပြပါပုံများအနက် ညာဖက်ရှိပုံ)။







ယေဘုယျအားဖြင့် တရုတ်နိုင်ငံတွင် နွေဦးရာသီ (မတ်လမှ မေလအထိ)၊ နွေရာသီ (ဇွန်လမှ သြဂုတ်လအထိ)၊ ဆောင်းဦးရာသီ (စက်တင်ဘာလမှ နိုဝင်ဘာလအထိ)၊ ဆောင်းရာသီ (ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိ)ဟူ၍ ရာသီဥတု (၄)မျိုးရှိပြီး အပူချိန်နှင့် မိုးရွာသွန်းမှုမှာ ဒေသအလိုက်ကွာခြားပါသည်။ တရုတ်၏ အရှေ့တောင်ပိုင်းဒေသများတွင် နွေရာသီဖြစ်သည့် ဇွန်လမှ သြဂုတ်လအထိကာလအတွင်း မိုးရွာသွန်းမှုအများဆုံး ဖြစ်ပါသည်။

**သစ်သီးဝလံ စိုက်ပျိုးသည့် ဒေသများ**

တရုတ်နိုင်ငံတွင် ရန်ဇီမြစ်၊ ပုလဲမြစ်၊ မြစ်ဝါမြစ်၊ ဟေလုံကျန်းမြစ်၊ ဆောင်းဟွာမြစ်၊ လျိုဟယ်မြစ်၊ ဘရာမပူထရာမြစ်၊ လန်ချိန်းမြစ်၊ နူမြစ်နှင့် ဟန်မြစ်ဟူ၍ ထင်ရှားသောမြစ်ကြီး (၁၀)စင်းရှိပါသည်။ ရန်ဇီမြစ်မှာ တရုတ်နိုင်ငံနှင့် အာရှတိုက်တွင် အရှည်လျားဆုံးမြစ်ဖြစ်ပြီး နှင်းတောင်တန်းများရှိသည့်ချင်းဟိုင်-တိဘက် ကုန်းပြင်မြင့်တွင် စတင်မြစ်ဖျားခံလာခြင်းဖြစ်ပါသည်။ ပုလဲမြစ်မှာ တောင်ပိုင်းတွင်တည်ရှိပါသည်။

အပူပိုင်းဒေသထွက် သစ်သီးဝလံများကို တရုတ်နိုင်ငံတောင်ပိုင်းဒေသရှိ ကွမ်တုန်း၊ ကွမ်ရှီးနှင့် ဟိုင်နန်တို့တွင် အများဆုံးစိုက်ပျိုးကာ၊ ယူနန်နှင့် ဖူကျန့်ပြည်နယ်များ၌လည်း စိုက်ပျိုးပါသည်။ စီချွမ်းနှင့် ချုံချင်းတို့၌ အနည်းငယ်စိုက်ပျိုးကြပါသည်။




ရင်းမြစ်၊ cn.bing.com


တရုတ်နိုင်ငံ၌ သစ်သီးဝလံစိုက်ဧရိယာအများစုမှာ မြောက်ပိုင်းရှိမြစ်ဝါမြစ် တလျှောက် မြစ်ဝှမ်းများတွင် တည်ရှိကြပါသည်။ သို့ရာတွင် ရန်ဇီမြစ်ဝှမ်းဒေသများမှာလည်း သစ်တော်သီး ၊ မက်မွန်သီးနှင့် မုမဲသီးများထုတ်လုပ်မှုအတွက် အရေးပါပါသည်။ ရန်ဇီမြစ်ဝှမ်း ဒေသတွင် ချင်းဟိုင်၊ တိဘက်၊ စီချွမ်း၊ ယူနန်၊ ချုံချင်း၊ ဟူနန်၊ ကျန်းစီး၊ အန်းဝေ၊ ကျင်းစု ပြည်နယ်များပါဝင်ကြပါသည်။




ရင်းမြစ်၊ www.topchinatravel.com

## တရုတ်နိုင်ငံ၏ သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများ

တရုတ်နိုင်ငံတွင် စိုက်ပျိုးသည့်သစ်သီးဝလံများမှာ ရာသီဥတုနှင့် မြေအမျိုးအစားပေါ်မူတည်၍ ကွဲပြားခြားနားပါသည်။ အပူပိုင်းဒေသထွက် သစ်သီးဝလံများကို ဟိုင်နန်ကျွန်းတွင် စိုက်ပျိုးကာ ပန်းသီးနှင့် သစ်တော်သီးများအား မြောက်ပိုင်းရှိ လျိုနင်းနှင့် ရှန်တုန်းပြည်နယ်များတွင် စိုက်ပျိုးပါသည်။ အချဉ်ဓာတ်ပါဝင်ပြီးအရည်ရွှမ်းသည့် သစ်သီးဝလံ(citrus)များကို ရန်ဇီမြစ်ဝှမ်း တစ်လျှောက်နှင့် မြစ်တောင်ပိုင်းမြစ်ဝှမ်းတွင် စိုက်ပျိုးပါသည်။ တရုတ်နိုင်ငံမှ အဓိကထုတ်လုပ်နေသည့် သစ်သီးဝလံများမှာ ပမာဏအများမှ အနည်းအလိုက် အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် –



(၁) ပန်းသီး

(၂) သစ်တော်သီး

(၃) မက်မွန်သီး

(၄) စပျစ်သီး

(၅) မက်မွန်သီးနှင့်ဆင်တူသည့် ဝါဖျော့ဖျော့လိမ္မော်ရောင်ရှိသော တရုတ်ဆီးသီး (apricot)

(၆) မက်မန်းသီးကဲ့သို့ သပြေမှည့်ရောင် ဆီးသီး (plum)

(၇) မုမဲသီး (mume)

(၈) စလေဆီးသီးကဲ့သို့ ဆီးသီး(jujube)

(၉) တည်သီး

(၁၀) သစ်ကြားသီး (walnut)

(၁၁) သစ်ချသီး (chestnut)

(၁၂) ကီဝီသီး

တရုတ်စိုက်ပျိုးရေးလက်ကားဈေးကွက်အသင်းမှ စာရင်းများအရ (၂၀၁၉)ခုနှစ်အတွင်း ရောင်းအားအမြင့်ဆုံး သစ်သီးဝလံ (၁၀)မျိုးတို့မှာ ဖရဲသီး၊ ပန်းသီး၊ စပျစ်သီး၊ လိမ္မော်သီး၊ ငှက်ပျောသီး၊ ကီဝီသီး၊ သစ်တော်သီး၊ နာနတ်သီးနှင့် သရက်သီးတို့ဖြစ်ကြပါသည်။ ထို့ပြင် ဒူးရင်းသီးမှာလည်း ရောင်းအားကောင်းမွန်လာနေသည်ကို တွေ့ရပါသည်။

## တရုတ်နိုင်ငံ၏ သစ်သီးဝလံကုန်သွယ်မှုအခြေအနေ

၂၀၁၉ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ပြည်ပနိုင်ငံများနှင့် သစ်သီးဝလံကုန်သွယ်မှုမှာ အောက်ဖော်ပြပါဇယားအတိုင်းဖြစ်ပါသည်-

| | တင်ပို့မှု | တင်သွင်းမှု |
|---|---|---|
| ပမာဏ (တန်ချိန်သန်းပေါင်း) | ၃.၆၁ | ၆.၈၃ |
| %တိုးတက်မှု (၂၀၁၈နှင့် နှိုင်းယှဉ်ပါက) | ၄ | ၂၄ |
| တန်ဖိုး (အမေရိကန်ဒေါ်လာ ဘီလီယံပေါင်း) | ၅.၅ | ၉.၅ |
| %တိုးတက်မှု (၂၀၁၈နှင့် နှိုင်းယှဉ်ပါက) | ၁၄ | ၂၅ |

ရင်းမြစ်၊ Producer Report

## တရုတ်နိုင်ငံမှ သစ်သီးဝလံတင်ပို့မှုများ

တရုတ်နိုင်ငံမှ သစ်သီးဝလံများအား အများဆုံးတင်ပို့နေသည့် နိုင်ငံ (၁၀)နိုင်ငံတို့မှာ ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဟောင်ကောင်၊ ရုရှ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာနှင့် ကာဇက်စတန်နိုင်ငံများဖြစ်ကြပါသည်။ တရုတ်နိုင်ငံမှ (၂၀၁၉)ခုနှစ်အတွင်း အများဆုံးတင်ပို့ခဲ့သည့် သစ်သီးဝလံ (၁၀)မျိုးတို့မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပြီး စုစုပေါင်း သစ်သီးဝလံတင်ပို့မှု၏ (၈၀)ရာခိုင်နှုန်းခန့်ရှိခဲ့ပါသည်-

(၁) ပန်းသီး (အမေရိကန်ဒေါ်လာ ၁.၂၅ ဘီလီယံဖိုး)

(၂) စပျစ်သီး (အမေရိကန်ဒေါ်လာ သန်း ၉၉၀)

(၃) အရည်ရွှမ်းပြီးအချဉ်ဓာတ်ပါသည့် သစ်သီးဝလံများ (မန်ဒရင်းလိမ္မော် နှင့် Satsuma လိမ္မော် အမေရိကန်ဒေါ်လာ သန်း ၈၄၀ ဖိုး)

(၄) သစ်တော်သီး (အမေရိကန်ဒေါ်လာ သန်း ၅၇၀ဖိုး)

(၅) မက်မွန်သီးနှင့် nectarines (အမေရိကန်ဒေါ်လာ သန်း ၂၀၀ဖိုး)

(၆) အခြားသစ်သီးဝလံများ (အမေရိကန်ဒေါ်လာ သန်း ၂၁၀ဖိုး)

(၇) ဂရိတ်ဖရု (အမေရိကန်ဒေါ်လာ သန်း ၁၉၀ဖိုး)

(၈) သံပုယိုသီးနှင့် သံပုရာသီး (အမေရိကန်ဒေါ်လာ သန်း ၁၆၀ဖိုး)

## တရုတ်နိုင်ငံမှ သစ်သီးဝလံတင်သွင်းမှုများ

နှစ်အလိုက် တရုတ်နိုင်ငံသို့ သစ်သီးဝလံအများဆုံးတင်ပို့နေသော နိုင်ငံများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

| **အဆင့်** | **၂၀၁၇** | **၂၀၁၈** | **၂၀၁၉** |
|---|---|---|---|
| (၁) | ထိုင်း | ချီလီ | ထိုင်း |
| (၂) | ချီလီ | ထိုင်း | ချီလီ |
| (၃) | ဗီယက်နမ် | ဖိလစ်ပိုင် | ဖိလစ်ပိုင် |
| (၄) | ဖိလစ်ပိုင် | ဗီယက်နမ် | ဗီယက်နမ် |
| (၅) | အမေရိကန် | နယူးဇီလန် | နယူးဇီလန် |
| (၆) | နယူးဇီလန် | သြစတြေးလျ | သြစတြေးလျ |
| (၇) | သြစတြေးလျ | ပီရူး | ပီရူး |
| (၈) | တောင်အာဖရိက | အီကွေဒေါ | အီကွေဒေါ |
| (၉) | ပီရူး | တောင်အာဖရိက | တောင်အာဖရိက |
| (၁၀) | အီကွေဒေါ | အမေရိက | အမေရိက |

ရင်းမြစ်၊ Producer Report

(၂၀၁၉)ခုနှစ်အတွင်း အောက်ဖော်ပြပါသစ်သီးဝလံ(၉)မျိုးကို အများဆုံး တင်သွင်းခဲ့သည်ကိုတွေ့ရပြီး၊ ၎င်းသစ်သီး(၉)မျိုးတင်သွင်းမှုမှာ စုစုပေါင်း သစ်သီးဝလံတင်သွင်းမှု၏ (၇၅)ရာခိုင်နှုန်းဖြစ်ပါသည် -

| **သစ်သီးအမျိုးအစား** | **တင်သွင်းမှုပမာဏ (အမေရိကန်ဒေါ်လာ)** | **ယခင်နှစ်ကထက် တိုးတက်မှု ရာခိုင်နှုန်း** |
|---|---|---|
| ဒူးရင်းသီး | ၁.၆ ဘီလီယံ | ၄၇ |
| ချယ်ရီသီး | ၁.၄ ဘီလီယံ | ၇ |
| ငှက်ပျောသီး | ၁.၁ ဘီလီယံ | ၂၂ |
| မင်းဂွတ်သီး | ၇၉၀ သန်း | ၁၂၈ |
| စပျစ်သီး | ၆၄၀ သန်း | ၁၀ |
| ကီဝီသီး | ၄၅၀ သန်း | ၁၁ |

| | | |
|---|---|---|
| နဂါးမျက်စိသီး (လိုဂမ်) | ၄၂၀ သန်း | ၁၇ |
| လိမ္မော်သီး | ၄၀၀ သန်း | ၈ |
| နဂါးမောက်သီး | ၃၆၀ သန်း | ၉ |

ရင်းမြစ်၊ Producer Report

ငင်းတင်သွင်းမှုဇယားအားကြည့်ပါက ဒူးရင်းသီးနှင့် မင်းဂွတ်သီးတင်သွင်းမှုများတွင် များစွာတိုးတက်များပြားလာသည်ကို တွေ့ရပါသည်။

တရုတ်နိုင်ငံတွင် စိုက်ပျိုးသော၊ တရုတ်နိုင်ငံက ပြည်ပမှ တင်သွင်းနေသော သစ်သီးဝလံများအနက် အောက်ဖော်ပြပါ သစ်သီးဝလံအချို့အား လက်လှမ်းမီသမျှ လေ့လာ၍ ရေးသားတင်ပြအပ်ပါသည် -

**ပန်းသီး**

ပန်းသီးမှာ တရုတ်နိုင်ငံတွင် စိုက်ပျိုးမှု အများဆုံး သစ်သီးဝလံအမျိုးအစားဖြစ်ပါသည်။ ပန်းသီးစိုက်ပျိုးသည့်အကျယ်အဝန်းမှာ စုစုပေါင်းသစ်သီးဝလံစိုက်ပျိုးမှု၏ (၃၂.၆၆)ရာခိုင်နှုန်းခန့်ရှိပါသည်။ အဓိကစိုက်ပျိုးသည့်ဒေသများမှာ Bohaiပင်လယ်၊ မြစ်ဝါမြစ်အနိမ့်ပိုင်းဒေသများ၊ Qing-lingတောင်များ၏ မြောက်ပိုင်းဒေသများ၊ အနောက်မြောက်ပိုင်းရှိ Loess ကုန်းပြင်မြင့်၊ အနောက်တောင်ပိုင်းရှိ တောင်ပေါ်ဒေသများဖြစ်ကြပါသည်။ အဓိကစိုက်ပျိုးသည့် ပြည်နယ်များမှာ ရှန်တုန်း၊ လျန်နင်း၊ ဟာဘေ၊ ဟာနန်၊ ရှန်းရှီးနှင့် ရှန်းစီးဒေသများဖြစ်ကြပါသည်။ ဂန်းဆု၊ ရှီကျင်းနှင့် ကျင်းစုပြည်နယ်များတွင်လည်း အနည်းအကျဉ်းစိုက်ပျိုးပါသည်။

၂၀၁၈-၂၀၁၉ ရာသီတွင် ပန်းသီးထုတ်လုပ်မှု လွန်စွာကျဆင်းခဲ့မှုကြောင့် (၂၀၁၉)ခုနှစ် နွေဦးရာသီ၌ တရုတ်နိုင်ငံ၏ ပြည်တွင်းစိုက် ပန်းသီးများ၏ ရောင်းလိုအား ကျဆင်းခဲ့ပြီး ဈေးနှုန်းများစွာတက်ခဲ့ပါသည်။ (၂၀၁၉)ခုနှစ် ဇူလိုင်လ၌ ပန်းသီးလက်လီလက်ကားဈေးနှုန်းများမှာ ဆယ်စုနှစ်အတွင်း အမြင့်ဆုံးနီးပါးရောက်ရှိပါသည်။ သို့ရာတွင် (၂၀၁၉-၂၀၂၀)ရာသီ၏ စက်တင်ဘာလမှစ၍ ပန်းသီးများ ပြန်လည်ထွက်ရှိလာသဖြင့် ဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ပြီး နိုဝင်ဘာလအတွင်း ပုံမှန်ဈေးနှုန်းသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

**တရုတ်နိုင်ငံ၏ ပန်းသီးထွက်ရှိသော ရာသီပြဇယား**

| ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

တရုတ်နိုင်ငံမှ ပန်းသီးအဓိကတင်ပို့နေသည့် အရှေ့တောင်နှင့် တောင်အာရှနိုင်ငံများမှာ ဈေးနှုန်းအပေါ် အထိခိုက်မခံသောကြောင့် (၂၀၁၉)ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ပန်းသီးတင်ပို့မှုမှာ (၁၃)ရာခိုင်နှုန်းကျဆင်းခဲ့ကာ တန်ချိန် (၉၇၁,၀၀၀)သာ ရှိခဲ့ပါသည်။ (၂၀၁၉)ခုနှစ်အတွင်း ဗီယက်နမ်သို့ (၁၁၃,၀၀၀)တန်၊ အင်ဒိုနီးရှားသို့ (၁၁၉,၀၀၀)တန်၊ ဘင်္ဂလားဒေ့ရှ်သို့ (၁၇၆,၀၀၀)၊ ထိုင်းနိုင်ငံသို့ (၉၇,၀၀၀)တန်၊ ဖိလစ်ပိုင်သို့ တန်ချိန် (၉၇,၀၀၀)တန်တင်ပို့ခဲ့ပြီး၊ တရုတ်နိုင်ငံမှ စုစုပေါင်းပန်းသီးတင်ပို့မှု၏ (၆၂)ရာခိုင်နှုန်းခန့်ရှိပါသည်။

**သစ်တော်သီး**

သစ်တော်သီးမှာ တရုတ်နိုင်ငံတွင် ဒုတိယစိုက်ပျိုးမှုအများဆုံး သစ်သီးဝလံအမျိုးအစားဖြစ်ပါသည်။ သစ်တော်သီးစိုက်ပျိုးသည့်အကျယ်အဝန်းမှာ စုစုပေါင်းသစ်သီးဝလံစိုက်ပျိုးမှု၏ (၁၀.၁၆)ရခိုင်နှုန်းခန့်ရှိပြီး၊ စုစုပေါင်းသစ်သီးဝလံထွက်ရှိမှု၏ (၁၂.၆)ရာခိုင်နှုန်းခန့်ရှိပါသည်။ တရုတ်နိုင်ငံတွင် စိုက်ပျိုးသည့်သစ်တော်သီးများကို အောက်ဖော်ပြပါအတိုင်းအမျိုးအစားခွဲခြားထားပါသည်-

(၁) အဖြူရောင်သစ်တော်သီး (White Pears) (*Pyrus bretschneiderie*) (မြောက်ပိုင်း ဒေသ၊ ဟာဘေ၊ ရှန်တုန်း၊ လျိုနင်းပြည်နယ်များတွင် အဓိက စိုက်ပျိုးပြီး စုစုပေါင်းသစ်တော်သီးထွက်ရှိမှု၏ ၆၀ရာခိုင်နှုန်းခန့်ရှိသည်)

(၂) သဲသစ်တော်သီး (Sand Pears) (*P. pyrifolia*) (ရန်ဇီမြစ်ဝှမ်းတွင် သဘာဝအတိုင်းစိုက်ပျိုးသည်)

(၃) Ussurian Pear (*P. ussuriensis*) (ဂရိတ်ဝေါလ်၏ မြောက်ပိုင်း၊ တရုတ်၏ အရှေ့မြောက်ပိုင်းတွင် အဓိကစိုက်ပျိုးသည်)

(၂၀၁၉) ခုနှစ်အတွင်း တရုတ်နိုင်ငံမှ သစ်တော်သီးတန်ချိန် (၄၇၀,၀၀၀) တင်ပို့ခဲ့ပြီး၊ အဓိကတင်ပို့ခဲ့သည့်နိုင်ငံများမှာ ဗီယက်နမ် (တန်ချိန် ၁ သိန်း)၊ အင်ဒိုနီးရှား

(တန်ချိန် ၁၅၆,၀၀၀)၊ ထိုင်း (တန်ချိန် ၄၇,၀၀၀)၊ မလေးရှား (၃၀,၀၀၀)၊ ဟောင်ကောင် (တန်ချိန် ၃ သောင်း)တို့ဖြစ်ကြကာ စုစုပေါင်းသစ်တော်သီးတင်ပို့မှု၏ (၇၇)ရာခိုင်နှုန်းခန့် ရှိခဲ့ပါသည်။

**တရုတ်နိုင်ငံ၏ သစ်တော်သီးထွက်ရှိသော ရာသီပြဇယား**

| ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

**မက်မွန်သီး**

မက်မွန်သီး၏ ပင်ရင်းဒေသမှာ တရုတ်နိုင်ငံ ဖြစ်ပါသည်။ မက်မွန်သီးတွင် မျိုးစေ့မွေးမြူ၍ စိုက်ပျိုးထားသည့် အမျိုးအစား (cultivars)နှင့် ပင်ရင်းမျိုးအတိုင်းစိုက်ပျိုးထားသည့်အမျိုးအစား (ecotypes)ဟူ၍ (၂)မျိုးရှိပါသည်။ မျိုးစေ့မွေးမြူစိုက်ပျိုးသည့် အမျိုးအစားမှာ အလုံးအထည်ပိုမိုကြီးပြီး အသားထူပါသည်။ Mitao အမျိုးအစား မက်မွန်သီးအား တရုတ်နိုင်ငံမြောက်ပိုင်းရှိ ရှန်တုန်း၊ ဟာပေ၊ ရှန်းရှီးနှင့် ဂန်းဆုပြည်နယ်များတွင် အဓိကစိုက်ပျိုးပါသည်။ Honey Peachဟု လူသိများသည့် Shumitao မက်မွန်သီးအမျိုးအစားကို စိုစွတ်ပြီး အပူချိန်ပိုမိုမြင့်မားသော တရုတ်နိုင်ငံတောင်ပိုင်းနှင့် ရန်ဇီမြစ်ဝှမ်းတို့တွင် အဓိကစိုက်ပျိုးကြပါသည်။

**တရုတ်နိုင်ငံ၏ မက်မွန်သီးထွက်ရှိသော ရာသီပြဇယား**

| ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

**ဖရဲသီး**

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဖရဲသီးထုတ်လုပ်မှုနှင့် စားသုံးမှု ထိပ်တန်းတွင်ရှိသော နိုင်ငံ ဖြစ်ပါသည်။ ဖရဲသီးစိုက်ဧရိယာ မူ သန်း(၃၀)ရှိပြီး နှစ်စဉ် အမေရိကန်ဒေါ်လာ (၂၉၀.၈)ဘီလီယံ တန်ဖိုးခန့် ထွက်ရှိပါသည်။ (၂၀၁၈)ခုနှစ်အတွင်း ဖရဲသီးတန်ချိန် (၇၉)သန်းထွက်ရှိခဲ့ပြီး၊ ပြည်တွင်းစားသုံးမှုမှာ တန်ချိန် သန်း (၇၀)ခန့်ရှိပါသည်။ ဖရဲသီးတန်ချိန် (၃၀,၉၆၈)တန်အား တင်ပို့ခဲ့ကာ၊ ဖရဲသီးတန်ချိန် (၂၃၄,၇၂၄)အား တင်သွင်းခဲ့ပါသည်။ ဖရဲသီးမှာ စျေးသက်သာပြီး၊ အရသာရှိသာ ပူပြင်းသည့်နွေရာသီတွင် အေးမြစေသည့်

အတွက် တရုတ်လူမျိုးများ အဓိကစားသုံးသည့် သစ်သီးဝလံများအနက်တစ်ခုဖြစ်လာခြင်း ဖြစ်ပါသည်။ တရုတ်ပြည်သူတစ်ဦးလျှင် ဖရဲသီးစားသုံးမှု (၅၀)ကီလိုဂရမ်ခန့်ရှိကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ ခန့်မှန်းချက်အရသိရပါသည်။

ဖရဲသီးကို ရှန်တုန်း၊ အန်းဝေ၊ ဟာနန်၊ ကျင်းစု၊ ဟာဘေပြည်နယ်များတွင် အများအပြားစိုက်ပျိုးပါသည်။ ယေဘုယျအားဖြင့် ရာသီဥတုပိုမိုပူနွေးသည့် ရှန်တုန်းပြည်နယ်နှင့် ဟိုင်နန်တို့မှ ဧပြီလလယ်ခန့်တွင် ဖရဲသီးစတင်ထွက်ရှိပြီး မေလတွင် အများအပြားဆက်လက်ထွက်ရှိ၍ ဇွန်လကုန်တွင် အထွက်နှုန်းရပ်တံ့သွားပါသည်။ ၎င်းဖရဲသီးများတွင် သကြားပါဝင်မှုနှုန်းမှာ (၁၂ – ၁၄) brix ခန့်ရှိပါသည်။ ၎င်းဒေသများမှ ဖရဲသီး မထွက်တော့ပါက အရှေ့မြောက်ပိုင်းဒေသများဖြစ်သည့် လျိုနင်းနှင့် ဟေလုံကျန်း ပြည်နယ်များမှ ထုတ်လုပ်ရန် ချိန်ကိုက်စိုက်ပျိုးထားကြပြီး အောက်တိုဘာလကုန်အထိ ဖရဲသီး ရရှိနိုင်ပါမည်။ ၎င်းနောက် ရှန်တုန်းနှင့် ကွမ်ရှီးတွင် ရာသီပြင်ပစိုက်ပျိုးထားသည့် ဖရဲသီးများကို နိုဝင်ဘာလကုန်အထိ ရရှိနိုင်ပြီး၊ ၎င်းနောက်ပိုင်း ဆက်လက်ထွက်ရှိနိုင်ခြင်းမရှိတော့သည့် ဆောင်းရာသီကာလများတွင် အရှေ့တောင်အာရှနိုင်ငံများမှထွက်ရှိသည့် ဖရဲသီးများကို တင်သွင်းပါသည်။ ယခုနှစ်အတွင်း ရာသီဥတုအခြေအနေကောင်းမွန်သည့် ရှန်းစီးပြည်နယ်တွင် ပိုမိုစိုက်ပျိုးရန် လျာထားပါသည်။

ဖရဲသီးမျိုးများအနက် အစေ့မပါသည့် အစိမ်းရောင်ဖရဲကျား (Seedless Green Tiger Print – Lvhu Heipi)မှာ အခြားဖရဲမျိုးများထက် ပိုမိုစိမ်းလန်းပြီး အထားခံခြင်း၊ အချိုဓာတ် ၁၄%~၁၅% ကြားရှိခြင်းတို့ကြောင့် ပိုမိုစိုက်ပျိုးသွားရန် လျာထားကြောင်း သိရပါသည်။ Seedless Green Tiger Print အပြင် အခွံပါး၍ နီရဲသောအတွင်းသားရှိသော ၊ သကြားပါဝင်မှု ၁၂%~၁၄% ကြားရှိသော 8424ဖရဲမျိုးနှင့် Meiduဖရဲမျိုးတို့ကိုလည်း စိုက်ပျိုးသွားမည်ဟု သိရပါသည်။ ရှန်းစီးဒေသမှထွက်သည့် ဖရဲသီးများကို ဘေကျင်း၊ ကျန်းကျိုး၊ ချန်းရှနှင့် အခြား အဆင့်(၁)ပြည်နယ်များသို့ အများဆုံးဖြန့်ဖြူးပါသည်။

**တရုတ်နိုင်ငံ၏ ဖရဲသီးထွက်ရှိသော ရာသီပြဇယား**

| ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

HS ခေါင်းစဉ် ၀၈၀၇၁၁၀၀ အောက်၌ (၂၀၁၈)ခုနှစ်အတွင်း ပြည်ပမှ ဖရဲသီး တင်သွင်းမှု တန်ချိန် (၂၂၀,၀၀၀)ရှိခဲ့ပါသည်။ လွန်ခဲ့သည့် (၅)နှစ်အတွင်း ပြည်ပမှ တင်သွင်းသော ဖရဲသီးများ၏ (၉၈)ရာခိုင်နှုန်းမှာ ဗီယက်နမ်နိုင်ငံမှဖြစ်ကာ၊ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှလည်း အနည်းငယ်စီတင်သွင်းပါသည်။ ဗီယက်နမ်နှင့် မြန်မာတို့မှ ထွက်ရှိသော ဖရဲသီးများမှာ တရုတ်နိုင်ငံတွင် ဖရဲသီးအထွက်နှုန်းအနည်းဆုံးအချိန်၌ ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိပါသည်။ (၂၀၁၈)ခုနှစ်အတွင်း ဗီယက်နမ် ဖရဲသီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၁၉၉) ဈေးပေါက်ပြီး၊ မြန်မာဖရဲသီးတစ်တန်လျှင် အမေရိကန်ဒေါ်လာ (၁၂၇) ဈေးပေါက်ခဲ့ပါသည်။

ယခုနှစ် ဇွန်လကုန်၌ တရုတ်နိုင်ငံမှ ဖရဲသီးအမျိုးမျိုး ထုတ်လုပ်မှု တန်ချိန် (၁,၁၂၅,၀၀၀)ခန့်ရှိသည်ဟု ခန့်မှန်းထားပြီး ၊ (၂၀၂၀)ခုနှစ်တစ်နှစ်လုံးတွင် ဖရဲသီးထွက်ရှိမှု တန်ချိန် (၈၁.၈)သန်းခန့်ရှိမည်ဟု ခန့်မှန်းထားပါသည်။

**သရက်သီး**

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် သရက်သီးထုတ်လုပ်သည့်နိုင်ငံ(၉၄)နိုင်ငံအနက် ဒုတိယနေရာကို ယူထားသောတစ်နိုင်ငံဖြစ်ပြီး လွန်ခဲ့သည့်နှစ်ပေါင်းတစ်ထောင်ကျော်ကတည်းက စိုက်ပျိုးလာခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံအတွင်း စိုက်ပျိုးသည့်သစ်သီးဝလံများအနက် သရက်သီးက ပထမနေရာတွင်ရှိပြီး၊ ဟိုင်နန်ကျွန်းနှင့် တောင်ပိုင်းဒေသများဖြစ်ကြသည့် ကွမ်ရှီး၊ ကွမ်တုန်း၊ ယူနန်၊ စီချွမ်း၊ ကွေ့ကျိုးနှင့် ဖူကျန့်ပြည်နယ်များတွင် အများဆုံးစိုက်ပျိုးကြပါသည်။

တရုတ်နိုင်ငံက ၎င်း၏စိုက်ပျိုးရေးနည်းပညာများကို အသုံးပြု၍ ရှားပါးသည့် မျိုးရင်းများဖြစ်သော Carabao၊ Nang Klangwan၊ Dashehari၊ Okrong၊ Irwinနှင့် Haden တို့အပေါ် အခြေခံ၍ အထွက်နှုန်းမြင့်ပြီး အချိုဓာတ်ပါဝင်မှုများသည့်မျိုးများအား ထုတ်လုပ်စိုက်ပျိုးလျက်ရှိပါသည်။ (၂၀၁၇)ခုနှစ်အတွင်း သရက်သီးစိုက်ပျိုးသည့်မြေ စက်တာပေါင်း (၂၅၃,၀၀၀)မှ သရက်သီးတန်ချိန် (၂.၂)သန်းခန့် ထုတ်လုပ်ခဲ့ပြီး၊ (၂၀၁၄) ခုနှစ်ကထက် အထွက်နှုန်း (၅၀)ရာခိုင်နှုန်း ပိုမိုလာခြင်းဖြစ်ပါသည်။

သို့ရာတွင် တရုတ်နိုင်ငံမှ သရက်သီး စားသုံးမှုမှာ ထုတ်လုပ်မှုထက်ပိုများနေသောကြောင့် ဖိလစ်ပိုင်၊ ထိုင်ဝမ်၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မြန်မာ၊ ဩစတြေးလျ၊

အိန္ဒိယ၊ ပီရူးနှင့် ပါကစ္စတန်နိုင်ငံများထံမှ သရက်သီးများကိုလည်း တင်သွင်းနေပါသည်။ (၂၀၁၈)ခုနှစ်အတွင်း HS ခေါင်းစဉ် ၀၈၀၄၅၀၂၀ အောက်၌ သရက်သီးတန်ချိန် (၁၁,၀၀၀) နီးပါးကို ပြည်ပမှတင်သွင်းခဲ့ကာ (၂၀၁၇)ခုနှစ်ကထက် ပမာဏ(၁၁၃)ရာခိုင်နှုန်း တိုးလာခြင်း ဖြစ်ပါသည်။ ထိုသို့တင်ပို့မှုအနက် ထိုင်းနှင့် ဗီယက်နမ်မှ တင်ပို့မှုများမှာ (၄၉၂) ရာခိုင်နှုန်းနှင့် (၈၁၆)ရာခိုင်နှုန်းအသီးသီးတိုးလာခဲ့ခြင်းဖြစ်ပါသည်။ ကမ္ဘောဒီးယားမှ တင်ပို့သော သရက်သီး အမျိုးအစားမှာ Gaolemiနှင့် Xiang များ ဖြစ်ကြပါသည်။ ဗီယက်နမ်မှ တင်ပို့သော သရက်သီး အမျိုးအစားများမှာ Qingpi၊ Shuixian နှင့် Aoတို့ဖြစ်ကြပါသည်။ များသောအားဖြင့် နွေဦး ရာသီပွဲတော်အပြီး ဇန်နဝါရီလနှောင်းပိုင်းမှစ၍ (၅)လမှ (၆)လခန့် ပြည်ပမှတင်သွင်း ကြပါသည်။

ပိုင်စဲ့ဘက်မှ သရက်သီးပေါ်ချိန်၌ လက်ကားဈေးများမှာ Jinjuangမျိုး(အကြီး) (၄)ယွမ်မှ (၇)ယွမ်ကြား၊ Jinjuangမျိုး(အလတ်) (၃)ယွမ်၊ Jinjuangမျိုး(အသေး) (၂.၅၀)ယွမ်၊ Guiqi (၅)ယွမ်မှ (၇)ယွမ်ကြား၊ Guiqi (အသေး) (၂.၅၀)ယွမ်၊ Tainong မျိုး(အကြီး) (၅)ယွမ်မှ (၆)ယွမ်ကြား၊ Tainong မျိုး(အလတ်) (၃.၅၀)ယွမ်၊ Tainong မျိုး(အသေး) (၂.၅၀)ယွမ် အသီးသီးဖြစ်ကြပါသည်။

**တရုတ်နိုင်ငံ၏ သရက်သီးထွက်ရှိသော ရာသီပြဇယား**

| နေရာ | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | သြဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ကွမ်ရှီး၊ ကွမ်တုန်း၊ ယူနန် | | | | | | | | | | | | |
| ဟိုင်နန် | | | | | | | | | | | | |
| စီချွမ်း | | | | | | | | | | | | |

**တရုတ်နိုင်ငံက ပြည်ပမှ သရက်သီးတင်သွင်းလေ့ရှိသော လများပြဇယား**

| ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | သြဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

တရုတ်နိုင်ငံက သရက်သီးတင်သွင်းရာတွင် ထိုင်းနိုင်ငံမှ သရက်သီးများအား ယူနန်ပြည်နယ်ကို ဖြတ်သန်း၍လည်းကောင်း၊ ဗီယက်နမ်နှင့် ထိုင်ဝမ်တို့မှ သရက်သီးများအား

ဖူကျန်းပြည်နယ်ကို ဖြတ်သန်း၍လည်းကောင်း၊ ဖိလစ်ပိုင်၊ ဩစတြေးလျ၊ ပီရူးနှင့် အခြား နိုင်ငံများမှ သရက်သီးများအား ကွမ်တုန်းပြည်နယ်ကို ဖြတ်သန်း၍လည်းကောင်း သယ်ယူ ပို့ဆောင်ကြခြင်း ဖြစ်ပါသည်။ သရက်သီးတင်သွင်းမှုများ အားလုံးအနက် ဖိလစ်ပိုင်သရက်သီး များမှာ အချိုဆုံးနှင့် အရည်အသွေးအမြင့်ဆုံးဖြစ်၍ ပျမ်းမျှဈေးထက်အနည်းငယ်ပိုမိုရရှိ လေ့ရှိပါသည်။ သရက်သီးအား တရုတ်နိုင်ငံတစ်ဝှမ်းလုံးမှစားသုံးကြပြီး၊ တောင်ပိုင်းဒေသများ ရှိ ပထမနှင့် ဒုတိယအဆင့်မြို့များတွင် စားသုံးမှုအမြင့်ဆုံးဖြစ်ပါသည်။ သရက်သီးအား လတ်ဆတ်သစ်သီးအဖြစ် အများဆုံးစားသုံးကြကာ ဖျော်ရည်၊ ယိုနှင့် အခြားထုတ်ကုန်များ အဖြစ် ပြုပြင်ထုတ်လုပ်မှုများလည်းရှိပါသည်။ တရုတ်နိုင်ငံ၏ အချို့နေရာများက မြေမျက် နှာသွင်ပြင်အရ ထူးခြားသည့် သရက်သီးအမှတ်တံဆိပ်များအဖြစ် ဈေးကွက်၌ အရောင်းမြှင့် တင်ကြပါသည်။ ဥပမာ – ဟိုင်နန်ပြည်နယ်၏ မြို့တော်စန်းရဒေသမှ ထွက်သည့် အဝါရောင် သရက်သီး၊ စီချွမ်းပြည်နယ် Panzhihuaမှ ထွက်သည့် ပိုမိုကြီးမားသော အနီသွေးရောင် Kentမျိုးစိတ် သရက်သီးစသည်။

**ငှက်ပျောသီး**

ငှက်ပျောသီးမှာ တရုတ်နိုင်ငံတွင် ယေဘုယျစားသုံးလေ့ရှိသည့် သစ်သီးဝလံ များအနက် ဒုတိယနေရာတွင် လိုက်ပါသည်။ တရုတ်နိုင်ငံတွင် စီးပွားဖြစ် ငှက်ပျော စိုက်ပျိုးခြင်းအား (၁၉၈၀)ခုနှစ်နောက်ပိုင်းမှ စတင်ဆောင်ရွက်လာခြင်းဖြစ်ပါသည်။ ငှက်ပျော သီးအား တရုတ်နိုင်ငံတောင်ပိုင်းရှိ ကွမ်တုန်း၊ ကွမ်ရှီး၊ ယူနန်နှင့် ဟိုင်နန်ကျွန်းများတွင် လည်းကောင်း၊ မြောက်ပိုင်းဒေသ၌လည်းကောင်း စိုက်ပျိုးထုတ်လုပ်ပြီး ၊ ကမ္ဘာပေါ်တွင် အိန္ဒိယနိုင်ငံပြီးလျှင် ဒုတိယမြောက်ငှက်ပျောသီးထုတ်လုပ်သည့်နိုင်ငံပါသည်။

မြောက်ပိုင်း ဒေသထွက် ငှက်ပျောသီးများမှာ အရည်အသွေး ပိုမိုထူးခြားပြီး ဈေးကြီးသည့်အတွက် အထွဋ်အမြတ်လက်ဆောင်ပေးရန် ဝယ်ယူကြပါသည်။ တရုတ်နိုင်ငံ မြောက်ပိုင်းမှ ငှက်ပျောသီးဝယ်လိုအားမြင့်လာပြီး ဈေးကောင်းရရှိလာသည့်အတွက် (၁၉၉၀) ပြည့်နှစ်နောက်ပိုင်း ၌ ပိုမိုရင်းနှီးမြှုပ်နှံလာကြပါသည်။

နောက်ပိုင်းတွင် တစ်ရှူးမွေးမြူသည့်ဓာတ်ခွဲခန်းများမှ ရောဂါကင်းစင်သည့် စိုက်ပျိုးသည့် အထောက်အကူများကြောင့် ငှက်ပျောသီစိုက်ပျိုးရန် ပိုမိုလွယ်ကူလာကြ ပါသည်။ TR4မျိုးအား အကြီးစား စိုက်ခင်းများတွင် ပိုမိုစိုက်ပျိုးလာကြပါသည်။ (၂၀၁၈) ခုနှစ်

အတွင်း ငှက်ပျောစိုက်ခင်း ဟက်တာ (၃၅၁,၀၀၀)ကျော်ရှိပြီးငှက်ပျောသီးတန်ချိန် (၁၁.၂)သန်းကို ထုတ်လုပ်ခဲ့ပါသည်။ ပျမ်းမျှအထွက်နှုန်းမှာ တစ်ဟက်တာလျှင် (၃၁.၈)တန်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ငှက်ပျောပင်များအား မေလနှင့် စက်တင်ဘာလအကြား စိုက်ပျိုးပြီး၊ နောက်တစ်နှစ် ဇူလိုင်လနှင့် အောက်တိုဘာအတွင်း ငှက်ပျောသီးများ ခူးဆွတ်လေ့ရှိပါသည်။ ကျန်လများတွင် ငှက်ပျောသီး ထွက်ရှိမှုရှိသော်လည်း ပမာဏအားဖြင့် နည်းပါးပါသည်။

**တရုတ်နိုင်ငံ၏ ငှက်ပျောသီးထွက်ရှိသော ရာသီပြဇယား**


| ဒေသ | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ယူနန် | ■ | ■ | ■ | ■ | ■ | | | | | | | |
| ကွမ်တုန်းအနောက်နှင့် ဟိုင်နန် | | | | | ■ | ■ | ■ | ■ | | | | |
| ကွမ်ရှီး | | | | | | | | ■ | ■ | ■ | ■ | ■ |
| ကွမ်တုန်းအရှေ့နှင့် ဖူကျန့် | | | | | | | | ■ | ■ | ■ | ■ | ■ |

ယခုနောက်ပိုင်းတွင် တရုတ်မှ ငှက်ပျောသီးစိုက်ပျိုးသူများက မြေနှင့် လုပ်သားခ ပိုမိုသက်သာသည့် လာအိုနိုင်ငံဘက်သို့ ရွှေ့ပြောင်းလုပ်ကိုင်လာကြသော်လည်း သဘာဝပတ်ဝန်းကျင်နှင့် လူသားများ၏ ကျန်းမာရေးအပေါ် ထိခိုက်လာသဖြင့် ဝေဖန်မှုများနှင့် ကြုံတွေ့လာရပါသည်။ ထို့ကြောင့် မကြာသေးမီက ကမ္ဘောဒီးယားဘက်သို့ ရွှေ့ပြောင်းသွားရန် နည်းလမ်းရှာဖွေလာကြပြီး ကမ္ဘောဒီးယားမှ ထုတ်လုပ်သော ငှက်ပျောသီး(၉)မျိုးကို တရုတ်နိုင်ငံသို့ တင်ပို့ခွင့်အား (၂၀၁၉)ခုနှစ်၊ ဧပြီလတွင် ခွင့်ပြုခဲ့ပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံးထုတ်လုပ်သူဖြစ်သကဲ့သို့ ငှက်ပျောသီးအများဆုံးတင်သွင်းနေသည့် နိုင်ငံလည်းဖြစ်ပါသည်။ H.S ခေါင်းစဉ် ၀၈၀၃၉၀၀၀ အောက်၌ (၂၀၁၉) ခုနှစ်အတွင်း ငှက်ပျောသီး တန်ချိန် (၁.၉၄)သန်းကို တင်သွင်းခဲ့ပြီး၊ ဖိလစ်ပိုင်မှ တန်ချိန် (၁.၀၃)သန်း၊ အီကွေဒေါမှ တန်ချိန် (၄၅၉,၀၀၀)၊ ဗီယက်နမ်မှ တန်ချိန် (၂၇၈,၀၀၀)အသီးသီးတင်သွင်းခဲ့ပါသည်။ ထို့ပြင် ထိုင်းနှင့် မြန်မာနိုင်ငံတို့မှလည်း ငှက်ပျော

သီးတင်သွင်းမှုများရှိပြီး နိုင်ငံ(၅)နိုင်ငံမှ ငှက်ပျောသီးတင်သွင်းမှုမှာ စုစုပေါင်း တင်သွင်းမှု၏ (၉၁)ရာခိုင်နှုန်းခန့် ရှိခဲ့ပါသည်။

တရားဝင်စာရင်းများအရ (၂၀၁၈)ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ပြည်နယ်များနှင့် ဒေသများမှ ငှက်ပျောသီးများ တင်သွင်းခဲ့ရမှုအခြေအနေမှာ အောက်ဖော်ပြပါပုံအတိုင်းဖြစ်ပါသည် -




Year: 2018 (Volume)

ရင်းမြစ်၊ Produce Report

ဖိလစ်ပိုင်နှင့် အီကွေဒေါတို့မှ တင်သွင်းသည့် ငှက်ပျောသီးများမှာ အဆင့် (၁) မြို့ကြီးများ၏ လက်လီဈေးကွက်များတွင် နေရာယူထားကြပြီး၊ အရည်အသွေးပိုမိုကောင်းမွန်သောကြောင့် ဈေးနှုန်းပိုမိုရရှိကြပါသည်။ လွန်ခဲ့သော (၅)နှစ်အတွင်း မြန်မာနှင့် ဗီယက်နမ်မှ တင်သွင်းသည့် ငှက်ပျောသီးများမှာ အခြားနိုင်ငံများမှ ငှက်ပျောသီးများနှင့် နှိုင်းယှဥ်ပါက ယေဘုယျအားဖြင့် ဈေးနှုန်းပိုမိုလျော့နည်းကြောင်း တွေ့ရပါသည်။ ငှက်ပျောသီးအား တရုတ်တစ်နိုင်ငံလုံးတွင် စားသုံးကြပြီး၊ ဝင်ငွေအဆင့်ပိုမိုမြင့်မားသော ဈေးကွက်များတွင် ဈေးအတက်အကျအပေါ် ရွေးချယ်စားသုံးသူ ပိုမိုနည်းပါးပြီး၊ အရည်အသွေးပိုမိုကောင်းမွန်သည့် ပြည်ပမှတင်သွင်းသော ငှက်ပျောသီးများကို ပိုမိုစားသုံးလိုကြောင်း သိရပါသည်။

**ထောပတ်သီး**

တရုတ်နိုင်ငံ၌ ထောပတ်သီးအား လွန်ခဲ့သည့် နှစ်ပေါင်း (၈၀)ခန့်မှစတင်၍ စမ်းသပ်စိုက်ပျိုးလာခဲ့ကြပါသည်။ ထောပတ်သီးအား ထိုင်ဝမ်သို့ (၁၉၁၈)ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့ပြီး၊ ကွမ်တုန်းသို့ (၁၉၂၅)ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့ပါသည်။ (၁၉၈၆)ခုနှစ်မှစတင်၍

အထွက်နှုန်းကောင်းမွန်သည့် မျိုးကွဲပေါင်း (၈၀)ကျော်အား ရွေးချယ်၍ စမ်းသပ်စိုက်ပျိုးခဲ့ကြပါသည်။ ယခုအခါ ကွမ်တုန်း၊ ကွမ်ရှီး၊ ဟိုင်နန်၊ ဖူကျန်း၊ စီချွမ်း၊ ယူနန်၊ ကျဲ့ကျန်း၊ ကွေ့ကျိုးစသည်တို့တွင် စမ်းသပ်စိုက်ပျိုး မှုများ အောင်မြင်နေပြီဖြစ်သည်ဟု သိရပါသည်။ သို့ရာတွင် ယနေ့အချိန်အထိ စီးပွားဖြစ် ထုတ်လုပ်နိုင်ရန် အကန့်အသတ်များ ရှိနေဆဲဖြစ်ကြောင်း သိရပါသည်။

စမ်းသပ်စိုက်ပျိုးမှုများအရ ထောပတ်သီးကို ဟိုင်နန်ကျွန်းပေါ်တွင် တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်သော်လည်း ပြည်မကြီးပေါ်တွင် ပူနွေးသော နွေဦးရာသီနှင့် ဆောင်းဦးရာသီများတွင်သာ စိုက်ပျိုးနိုင်သည်ကို တွေ့ရပါသည်။ ဟိုင်နန်ကျွန်းပေါ်တွင် စိုက်ပျိုးသော Pollock အမျိုးအစားမှာ ဇူလိုင်လနှင့် ဩဂုတ်လများတွင် ရင့်မှည့်ကာ၊ Lula ၊ Booth 7နှင့် Booth 8 မျိုးများမှာ စက်တင်ဘာလကုန်ပိုင်းမှ အောက်တိုဘာလလယ်ပိုင်းကြားကာလ၌ ရင့်မှည့်ပါသည်။ Hassမျိုးမှာ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ရင့်မှည့်ပါသည်။ ဟိုင်နန်ကျွန်းပေါ်တွင် စိုက်ပျိုးသော ထောပတ်သီး တစ်ဟက်တာလျှင် (၇.၅)တန်မှ (၁၅)တန်ကြား ပျမ်းမျှထွက်ရှိပါသည်။ Lula ၊ Pollock နှင့် ပြည်တွင်းမျိုး $ST_3$ တို့၏ အထွက်နှုန်းမှာ (၁၅)တန်ခန့်ရှိပြီး အရသာကောင်းမွန်ပါသည်။ Hassမျိုးမှာ တစ်ဟက်တာလျှင် (၃)တန်မှ (၄)တန်ကြားသာ ထွက်ရှိသဖြင့် စီးပွားဖြစ်စိုက်ပျိုးရန် သင့်လျော်မှုမရှိဟု မှတ်ချက်ချထားပါသည်။

**နာနတ်သီး**

နာနတ်သီးမှာ ကမ္ဘာပေါ်တွင် တတိယအများဆုံးစိုက်ပျိုးသည့် အပူပိုင်းဒေသထွက် သစ်သီးဝလံဖြစ်ပါသည်။ တရုတ်နိုင်ငံတွင် ယေဘုယျစားသုံးလေ့ရှိသည့် သစ်သီးဝလံများအနက် တတိယနေရာတွင် လိုက်ပါသည်။ တစ်ကမ္ဘာလုံးတွင် နာနတ်သီးစိုက်ခင်း ဟက်တာ (၁)သန်းကျော်ရှိပြီး၊ ၎င်းအနက် ဟက်တာ (၇)သောင်းမှာ တရုတ်နိုင်ငံမှဖြစ်ပါသည်။ နာနတ်သီးကို တရုတ်နိုင်ငံ၏ ကွမ်တုန်း၊ ဟိုင်နန်၊ ယူနန်၊ ကွမ်ရှီး၊ ဖူကျန်းနှင့် ထိုင်ဝမ်တို့တွင် အများအပြားစိုက်ပျိုးပါသည်။ ဟိုင်နန်နှင့် ကွမ်တုန်းပြည်နယ်မှ နာနတ်သီးထွက်ရှိမှုမှာ တစ်နိုင်ငံလုံးနာနတ်သီးထွက်ရှိမှု၏ (၈၄)ရာခိုင်နှုန်းခန့်ရှိပြီး၊ စိုက်ပျိုးသည့် နာနတ်သီးများ၏ (၈၀)ရာခိုင်နှုန်းကျော်မှာ ဖိလစ်ပိုင်မျိုး Comte de Parisဖြစ်ပါသည်။

နာနတ်သီးအား လတ်ဆတ်သစ်သီးပုံစံဖြင့် အများဆုံးစားသုံးကြပြီး စည်သွပ်ခြင်း၊ ဖျော်ရည်ပြုလုပ်ခြင်း၊ သစ်သီးခြောက်နှင့် သစ်သီးယိုပြုလုပ်ခြင်းအနည်းငယ်သာရှိပါသည်။

**တရုတ်နိုင်ငံ၏ နာနတ်သီးထွက်ရှိသော ရာသီပြဇယား**

| ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

**သခွားမွှေး**

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် သခွားမွှေးအများဆုံးစိုက်ပျိုးသည့် နိုင်ငံဖြစ်ပြီး၊ (၂၀၀၀)ပြည့်နှစ်မှစတင်၍ မြေ (၃၅၀,၀၀၀)ဟက်တာပေါ်တွင် တန်ချိန် (၈)သန်းခန့် နှစ်စဉ်ထုတ်လုပ်လျက်ရှိပါသည်။ နိုင်ငံတဝှမ်း၌ သခွားမွှေးစိုက်ပျိုးသည့်ဇုန် (၆)နေရာရှိပြီး၊ မြောက်ပိုင်းဒေသရှိဇုန်များမှာ Hami melon နှင့် Honeydew စိုက်ပျိုးမှုအတွက် လူသိများပါသည်။ ၎င်းသခွားမွှေးအမျိုးအစားများကို အများဆုံးစားသုံးသည့်ဒေသများမှာ တရုတ်နိုင်ငံ၊ အရှေ့ပိုင်းနှင့်တောင်ပိုင်းတို့မှ မြို့ကြီးများဖြစ်ကြသဖြင့် မြောက်ပိုင်းဒေသမှ ကီလိုမီတာ (၁,၀၀၀) ကျော်အကွာအဝေးအား ဖြတ်သန်းတင်ပို့ရပါသည်။

တရုတ်နိုင်ငံတွင် (၂၀၀၇)ခုနှစ်မှ (၂၀၁၈)ခုနှစ်အကြား ပြည်သူများ၏ သခွားမွှေးစားသုံးမှုမှာ (၁.၉)ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့ပြီး၊ အခြားနိုင်ငံများရှိ ပျမ်းမျှနှုန်းထက်မြင့်ပါသည်။ ဥပမာ အလားတူကာလအတွင်း တူရကီနိုင်ငံတွင် သခွားမွှေး စားသုံးမှုတိုးတက်မှုနှုန်း (၀.၉)ရာခိုင်နှုန်းသာတိုးလာပါသည်။

တရုတ်နိုင်ငံ၏ သခွားမွှေးဈေးကွက်မှာ အမေရိကန်ဒေါ်လာ (၁၅.၁) ဘီလီယံခန့်ရှိ၍ ကမ္ဘာပေါ်၌ ပထမနေရာတွင်ရှိပါသည်။ တရုတ်နိုင်ငံ၏နောက်တွင် တူရကီက အမေရိကန်ဒေါ်လာ (၁.၃) ဘီလီယံဖြင့် ဒုတိယနေရာတွင်ရှိပါသည်။

တရုတ်နိုင်ငံ၏ သခွားမွှေး ထုတ်လုပ်မှုမှာ ၂၀၁၇-၂၀၁၈ခုနှစ်အတွင်း (၁.၉) ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး တန်ချိန် (၁၇)သန်းထုတ်လုပ်ခဲ့ပါသည်။

**တရုတ်နိုင်ငံ၏ သခွားမွေးထွက်ရှိသော ရာသီပြဇယား**

| ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

**အရည်ရွှမ်းပြီးအချဉ်ဓာတ်ပါသည့် Citrus သစ်သီးများ (မန်ဒရင်းလိမ္မော်သီးနှင့် satsuma လိမ္မော်သီး များအပါအဝင်)**

(၂၀၁၉)ခုနှစ်တွင် တရုတ်နိုင်ငံမှ အရည်ရွှမ်းပြီး အချဉ်ဓာတ်ပါဝင်သည့် သစ်သီးများ (citrus) ကို တန်ချိန် (၆၄၀,၀၀၀)ခန့် တင်ပို့ခဲ့ပါသည်။ အဓိကတင်ပို့ခဲ့သည့် နိုင်ငံများမှာ ဗီယက်နမ် (တန်ချိန် ၁၃၇,၀၀၀)၊ မလေးရှား (တန်ချိန် ၈၅,၀၀၀)၊ အင်ဒိုနီးရှား (တန်ချိန် ၅၉,၀၀၀)၊ ရုရှ (တန်ချိန် ၇၄,၀၀၀)၊ ဖိလစ်ပိုင် (တန်ချိန် ၄၃,၀၀၀)၊ ကာဇက်စတန် (တန်ချိန် ၅၂,၀၀၀)နှင့် မြန်မာ (တန်ချိန် ၄၄,၀၀၀)တို့ဖြစ်ကြပါသည်။ ၎င်းနိုင်ငံများသို့ တင်ပို့ခဲ့မှုမှာ စုစုပေါင်း citrusသစ်သီးတင်ပို့မှု၏ (၈၃)ရာခိုင်နှုန်းရှိခဲ့ပါသည်။

ဟိုင်နန်ကျွန်း၊ ကွမ်တုန်းနှင့် ဖူကျန့်ပြည်နယ်များတွင် ပျားရည်ကျွဲကောသီးများနှင့် အနီရောင်ကျွဲကောသီးများကို စီးပွားဖြစ်စိုက်ပျိုးပါသည်။ ပြီးခဲ့သည့်နှစ်က ဟိုင်နန်ကျွန်းမှ ကျွဲကောသီးတန်ချိန် (၅)သန်းနီးပါးထွက်ရှိခဲ့ပြီး ၊ ယခုနှစ်တွင် တန်ချိန် (၉)သန်းခန့်ရှိမည်ဟု သိရပါသည်။ ဖူကျန့်ပြည်နယ်ထွက် ကျွဲကောသီးများအား ဥရောပ၊ မြောက်အမေရိက၊ အရှေ့အလယ်ပိုင်းဈေးကွက်များသို့ တင်ပို့ကြောင်း သိရပါသည်။

ကျွဲကောသီးစတင်ပေါ်ချိန်၌ အနီရောင်ကျွဲကောသီး တစ်ကီလိုလျှင် (၈)ယွမ်မှ (၉)ယွမ်ကြားဖြင့် လက်လီရောင်းချကြပြီး ကျွဲကောသီးလှိုင်လှိုင်ပေါ်လာချိန်၌ တစ်ကီလိုလျှင် (၆)ယွမ်မှ (၇)ယွမ်ကြား ဈေးရရှိပါသည်။ အချို့နှစ်များတွင် ရာသီဥတုအခြေအနေကြောင့် အထွက်နှုန်းကျဆင်းတတ်ချိန်၌ ကျွဲကောသီးဈေးနှုန်းများ အဆမတန်တက်သွားတတ်ပါသည်။ ထိုအချိန်တွင် တရုတ်စားသုံးသူများက အခြားသစ်သီးဝလံများအား ပြောင်းလဲဝယ်ယူတတ်ကြကြောင်း သိရပါသည်။

ပင်မှည့်သီးသီးများကို တရုတ်နိုင်ငံ၏ တောင်ပိုင်းဒေသများ (ကွမ်ရှီး၊ ဟိုင်နန်၊ ဖူကျန်းနှင့် ကွမ်တုန်း)၌ အများဆုံးစိုက်ပျိုးလေ့ရှိပါသည်။ စောင်းလျားသီးအား ပုလဲမြစ်ဝှမ်းတစ်လျှောက်၊ ဖူကျန်းနှင့် ကွမ်ကျိုးတို့တွင် စိုက်ပျိုးပါသည်။

**တရုတ်နိုင်ငံ၏ citrus သစ်သီးများထွက်ရှိသော ရာသီပြဇယား**

| | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| Kunquats လိမ္မော်သီး | ■ | ■ | ■ | | | | | | | | | |
| ကီဝီသီး | ■ | | | | | | | | | | | |
| စောင်းလျားသီး | ■ | ■ | ■ | ■ | | | | | ■ | ■ | ■ | ■ |
| တည်သီး | | | | | | | | | ■ | ■ | ■ | ■ |
| ပင်မှည့်သီး | | | | | | | ■ | ■ | ■ | | | |
| ကျွဲကောသီး | | | | | | | ■ | ■ | ■ | | | |

(၂၀၁၉)ခုနှစ်အတွင်း လိမ္မော်သီးတင်သွင်းမှုမှာ တန်ချိန် (၄၃၂,၀၀၀)ရှိခဲ့ပြီး၊ အီဂျစ်နိုင်ငံမှ တန်ချိန် (၁၉၁,၀၀၀)၊ တောင်အာဖရိကမှ တန်ချိန် (၁၁၅,၀၀၀)၊ ဩစတြေးလျမှ တန်ချိန် (၅၂,၀၀၀)၊ စပိန်မှ တန်ချိန် (၄၂,၀၀၀)နှင့် အမေရိကမှ တန်ချိန် (၂၉,၀၀၀) တင်သွင်းခဲ့ပါသည်။ ၎င်းနိုင်ငံများမှ တင်သွင်းမှုမှာ စုစုပေါင်းလိမ္မော်သီးတင်သွင်းမှု၏ (၉၉)ရာခိုင်နှုန်း ရှိခဲ့ပါသည်။

(၂၀၁၉)ခုနှစ်အတွင်း ကီဝီသီးတင်သွင်းမှုမှာ တန်ချိန် (၁၂၉,၀၀၀)ရှိခဲ့ပါသည်။ ၎င်းတင်သွင်းမှုအနက် နယူးဇီလန်မှ တန်ချိန် (၉၈,၀၀၀၀)နှင့် ချီလီမှ တန်ချိန် (၂၁,၀၀၀)ရှိခဲ့ပြီး စုစုပေါင်းကီဝီသီးတင်သွင်းမှု၏ (၉၃)ရာခိုင်နှုန်းရှိခဲ့ပါသည်။

**အတွင်း၌ အစေ့ပါဝင်သည့် သစ်သီးဝလံများ (Stone Fruits)**

မက်မန်းသီးကဲ့သို့ သပြေမှည့်ရောင် ဆီးသီး (plum)၊ မက်မွန်သီးနှင့်ဆင်တူသည့် ဝါဖျော့ဖျော့လိမ္မော်ရောင်ရှိသော တရုတ် ဆီးသီး (apricot)၊ မုမဲသီး၊ တည်သီးတို့မှာ တရုတ်နိုင်ငံပင်ရင်းမျိုးများဖြစ်ကြပါသည်။ ၎င်းတို့အနက် မုမဲသီးကိုသာ တရုတ်နိုင်ငံတောင်ပိုင်းတွင် စိုက်ပျိုးနိုင်သော်လည်း ကျန်သစ်သီးများကို တရုတ်နိုင်ငံတစ်ဝှမ်း၌ စိုက်ပျိုးနိုင်ကြပါသည်။ အဓိကစိုက်ပျိုးသည့်ပြည်နယ်များမှာ ဟာဘေ၊ ဟာနန်၊ ရှန်တုန်း၊ ရှန်းစီးနှင့် ရှန်းရှီးပြည်နယ်များဖြစ်ကြပါသည်။ တရုတ် ဆီးသီး (apricot)ကို တရုတ်နိုင်ငံမြောက်ပိုင်း (အထူးသဖြင့် မြစ်ဝါမြစ်ဝှမ်း)တွင် အထူးပြုစိုက်ပျိုးပါသည်။

တရုတ်နိုင်ငံသည် ရှေးယခင်ကတည်းက **<u>လိုက်ချီးစ်သီး</u>**များကို စိုက်ပျိုးခဲ့ပြီး၊ ယခုအထိ အဓိကစိုက်ပျိုးသူအဖြစ် ရပ်တည်နေဆဲဖြစ်ပါသည်။ လိုက်ချီးစ်သီးအား ကွမ်တုန်း၊ ကွမ်ရှီး၊ ဖူကျန့်၊ ဟိုင်နန်၊ ယူနန်၊ စီချွမ်းပြည်နယ်များတွင် အများအပြားစိုက်ပျိုးပါသည်။ (၂၀၁၄)ခုနှစ်နှင့် (၂၀၁၆)ခုနှစ်များကြားတွင် လိုက်ချီးစ်စိုက်ခင်း (၅၄၀,၀၀၀)ဟက်တာမှ လိုက်ချီးစ်သီး တန်ချိန် (၂.၃)သန်းခန့် နှစ်စဉ်ထွက်ရှိခဲ့ပါသည်။ HS ခေါင်းစဉ် ၀၈၁၀၉၀၁၀ အောက်၌ (၂၀၁၈)ခုနှစ် အတွင်း ပြည်ပမှ လိုက်ချီးစ်တန်ချိန် (၃၂,၅၀၀)တင်သွင်းခဲ့ကာ ဗီယက်နမ်မှ (၉၇)ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံမှ (၃)ရာခိုင်နှုန်းတင်သွင်းခဲ့ခြင်းဖြစ်ပါသည်။

**<u>နဂါးမောက်သီး</u>**နှင့် စပ်လျဉ်း၍မူ (၂၀၁၈)ခုနှစ်အတွင်း နဂါးမောက်သီးစိုက်ခင်း ဟက်တာ (၄၀,၀၀၀)ခန့်ရှိပြီး တန်ချိန် (၇)သိန်းနီးပါးထုတ်လုပ်ခဲ့ပါသည်။ ကွမ်ရှီးတွင် စိုက်ကော (၁၃,၀၀၀)ဟက်တာခန့်၊ ကွမ်တုန်းတွင် ဟက်တာ (၁၀,၀၀၀)ခန့်ရှိကာ၊ ဟိုင်နန်နှင့် ကွေ့ကျိုးတို့တွင်လည်း ဟက်တာ (၆,၆၀၀)ခန့်စီရှိပါသည်။ တရုတ်မှ ထွက်ရှိသော နဂါးမောက်သီးမှာ အနီရောင်ရှိသောအမျိုးအစားဖြစ်၍ အထူးအရည်အသွေးရှိသောပုံပန်းသဏ္ဌာန်မျိုးများစွာမရှိသောကြောင့် ပြည်ပမှ တင်သွင်းခဲ့ပါသည်။ လွန်ခဲ့သော (၅)နှစ်အတွင်း ပြည်ပမှ နဂါးမောက်သီးတင်သွင်းမှုမှာနှစ်စဉ် တန်ချိန် (၅)သိန်းခန့်ရှိပြီး၊ (၉၉.၉)ရာခိုင်နှုန်းကို ဗီယက်နမ်မှတင်သွင်းခြင်းဖြစ်ပါသည်။ ကွမ်တုန်း၊ ရှန်ဟိုင်း၊ ကွမ်ရှီး၊ ဘေကျင်း၊ ဖူကျန်း၊ လျိုနင်း၊ ရှန်တုန်း၊ တီရန်ကျင်းပြည်နယ်များသို့ နဂါးမောက်သီးများ တင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။ တရုတ်ပြည်တွင်းမှ ထွက်ရှိသော နဂါးမောက်သီးများနှင့် နှိုင်းယှဉ်ပါက ဗီယက်နမ်မှ တင်သွင်းသည့် နဂါးမောက်သီးများက ပုံသဏ္ဌာန်ပိုမိုကောင်းမွန်ပြီး ကြာရှည်အထားခံပါသည်။

**တရုတ်နိုင်ငံ၏ နဂါးမောက်သီးထွက်ရှိသော ရာသီပြဇယား**

| ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

တရုတ်နိုင်ငံတွင် **<u>ကီဝီသီး</u>**အား ရန်ဇီမြစ်ဝှမ်းဒေသနှင့် ချမ်း (Chang)တောင်ကြားတို့တွင် အဓိကစိုက်ပျိုးပါသည်။ သဘော်သီးအား တရုတ်နိုင်ငံတောင်ပိုင်းဒေသများတွင် စိုက်ပျိုးပါသည်။ ကြက်မောက်သီးအား ဟိုင်နန်ကျွန်းပေါ်ရှိ ၊ ပေါင်ထင်(Baoting)ခရိုင်တွင် စိုက်ပျိုးကြပါသည်။

**တရုတ်နိုင်ငံ၏ Stone Fruits သစ်သီးများထွက်ရှိသော ရာသီပြဇယား**

| | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ဆီးသီး (Jujube) | ■ | ■ | ■ | ■ | ■ | ■ | ■ | ■ | ■ | ■ | ■ | ■ |
| တရုတ်ဆီးသီး (အခွံအညိုရောင်) | | | | ■ | ■ | | | | | | | |
| အစိမ်းရောင် ဆီးသီး | | | | ■ | ■ | | | | | | | |
| Goji Berries | ■ | ■ | ■ | ■ | ■ | ■ | ■ | ■ | ■ | ■ | ■ | ■ |
| နဂါးမောက်သီး | | | ■ | ■ | ■ | ■ | ■ | ■ | ■ | ■ | | |
| သဘော်သီး | ■ | ■ | ■ | ■ | | | | | | | | |
| လိုက်ချီးသီး | | | | | ■ | ■ | ■ | ■ | | | | |
| နဂါးမျက်စိသီး (လိုဂန်) | | | | | | | | ■ | ■ | | | |
| မာလကာသီး | | | | | | ■ | ■ | ■ | ■ | | | |
| သလဲသီး | | | | | | | | ■ | ■ | | | |

**ဒူးရင်းသီး**

တရုတ်နိုင်ငံတွင် ယခုအချိန်အထိ ဒူးရင်းသီးစီးပွားဖြစ်စိုက်ပျိုးနိုင်မှုမရှိသေးပါ။ သို့ရာတွင် (၂၀၀၆)ခုနှစ်မှ (၂၀၁၆)ခုနှစ်အတွင်း တရုတ်လူမျိုးများ၏ ပြည်ပမှတင်သွင်းသော ဒူးရင်းသီးစားသုံးမှုမှာ (၁၃)ရာခိုင်နှုန်းတိုးမြင့်လာခဲ့ပြီး ပိုမိုလူကြိုက်များလာမှုကြောင့် ဟိုင်နန်ကျွန်းပေါ်တွင် စမ်းသပ်စိုက်ပျိုးမှုများ ပြုလုပ်လျက်ရှိပါသည်။ ယခုအချိန်၌ တရုတ် နိုင်ငံတွင် လူတစ်ဦးချင်း ဒူးရင်းသီးစားသုံးမှု (၀.၂၁)ကီလို ဂရမ်သာရှိသော်လည်း ရေရှည်တွင် (၂ - ၃) ကီလိုဂရမ်ခန့် ရောက်ရှိရန် မျှော်မှန်းထားပါသည်။ ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း သော်မှ တရုတ်နိုင်ငံမှ ဒူးရင်းသီးစားသုံးမှုနှုန်းမှာ ကျဆင်းခြင်းမရှိခဲ့သည်ကိုတွေ့ရပါသည်။ (၂၀၁၉)ခုနှစ်အတွင်း တရုတ်နိုင်ငံက ပြည်ပမှ အမေရိကန် ဒေါ်လာ (၉၆၃)သန်း တန်ဖိုးရှိ ဒူးရင်းသီးတန်ချိန် (၃၅၈,၀၀၀)အား တင်သွင်းခဲ့ကြပါသည်။ တရုတ်ဈေးကွက်အတွင်း မလေးရှားဒူးရင်းသီးနှင့် ထိုင်းဒူးရင်းသီး (၂)မျိုး အဓိကရှိသည့်အနက် ထိုင်းနိုင်ငံမှ ဒူးရင်း

သီးက စျေးကွက်ဝေစုအများစုတွင် နေရာယူထားပါသည်။ သို့ရာတွင် မလေးရှားဒူးရင်းသီး မှာလည်း လူကြိုက်များနေဆဲဖြစ်ပါသည်။

ဒူးရင်းသီး(၂)မျိုးကို နှိုင်းယှဉ်ပါက မလေးရှားဒူးရင်းသီးကို လူများပိုမိုနှစ်သက်ကြပြီး မိသားစုများနှင့် မိတ်ဆွေများထံ အထူးလက်ဆောင်အဖြစ် ပေးလေ့ရှိကြပါသည်။ (၂၀၁၁)ခုနှစ်တွင် တရုတ်နိုင်ငံက မလေးရှားနိုင်ငံမှ လတ်ဆတ်ဒူးရင်းသီးများကို ပထမဆုံး တင်သွင်းခဲ့ပါသည်။ ယခုနောက်ပိုင်းတွင် မလေးရှားနိုင်ငံမှ လတ်ဆက်ဒူးရင်းသီးများအစား အေးခဲထားသော Musang King ဒူးရင်းသီး အသားများကိုသာ တင်သွင်းခွင့်ပြုထားသော်လည်း မလေးရှားဒူးရင်းသီး၏ အရသာကို နှစ်ခြိုက်သူတို့က ဝယ်ယူနေသောကြောင့် ဝယ်လိုအားမြင့်နေဆဲဖြစ်ပါသည်။ (၂၀၁၇)ခုနှစ် နှောင်းပိုင်းတွင် နန်နင်းမြို့၌ မလေးရှား Musang King ဒူးရင်းသီးပွဲတော်ကျင်းပပြုလုပ်ခဲ့ရာ လာရောက် သူပေါင်း (၁၆၀,၀၀၀)ရှိခဲ့ပြီး (၃)နာရီခန့် တန်းစီစောင့်ဆိုင်းသူများပင်ရှိခဲ့ပါသည်။ မလေးရှားမှ အေးခဲထားသော Musang King ဒူးရင်းသီးအသားများကို (၂၀၁၈)ခုနှစ်အတွင်း တန်ချိန် (၃,၂၀၀) (တန်ဖိုးအမေရိကန်ဒေါ်လာ ၄၁ သန်းခန့်)အား တရုတ်နိုင်ငံသို့ တင်သွင်းခဲ့ပါသည်။ (၂၀၁၉)ခုနှစ်တွင် အလုံးလိုက် အေးခဲထားသော မလေးရှားဒူးရင်းသီးများအား တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့ခွင့် ရရှိခဲ့ပါသည်။ ထိုကဲ့သို့ တင်ပို့ခွင့်ပြုခဲ့ခြင်းမှာ အလုံးလိုက်အေးခဲထားသည့် ဒူးရင်းသီးများမှာ အရည်အသွေးပိုမိုမြင့်မားပြီး အကောင်းဆုံးရင့်မှည့်နေကာ ထိုင်းဒူးရင်းသီး မရရှိသည့် ကာလတွင် တိုက်ရိုက်စားသုံးနိုင်သောကြောင့် ဖြစ်ပါသည်။

(၂၀၂၀)ခုနှစ် ပထမ(၃)လအတွင်း ကပ်ရောဂါဖြစ်ပွားနေသည့် ကာလ အတွင်း၌ပင် အမေရိကန်ဒေါ်လာ (၂၂)သန်းဖိုး တင်သွင်းနိုင်ခဲ့သည်ကို တွေ့ရပါသည်။ သို့ရာတွင် ထိုပမာဏမှာ အဓိကမြို့ကြီးများဖြစ်သည့် ဘေကျင်း၊ ရှန်ဟိုင်းနှင့် ကွမ်ကျိုးတို့တွင်သာ ဖြည့်ဆည်းပေးနိုင်ခြင်းနှင့် အွန်လိုင်းပေါ်မှရောင်းချခြင်းများကိုသာ ပြုနိုင်ခဲ့ပြီး ပြည်တွင်းစျေးကွက်တစ်ခုလုံး၏ ရာခိုင်နှုန်းအနည်းငယ်မျှကိုသာ နေရာယူထားနိုင်ပါသည်။

အေးခဲထားသည့် ဒူးရင်းသီးအသားများကို ဒူးရင်းသီးဋ္ဌာပနာသည့် မုန့်ဖုတ်လုပ်ငန်းများ၊ လမုန့်လုပ်ငန်းများနှင့် သကြားလုံး၊ ယို၊ ရေခဲမုန့်ထုတ်လုပ်သည့် လုပ်ငန်းများတွင် အသုံးပြုကြပါသည်။ မကြာသေးမီက ဒူးရင်းသီးဟော့ပေါ့ရောင်းချသည့် စားသောက်ဆိုင်အသစ်လည်းပေါ်ထွက်လာခဲ့ကာ၊ အချို့က ကြက်သားစွပ်ပြုတ်၌လည်း ထည့်သွင်း


စားသုံးလာကြပါသည်။ ဟင်းလျာများအတွင်း ဒူးရင်းသီးအနှစ်ကိုထည့်သွင်းချက်ပြုတ်ပါက အရသာပိုမိုလေး၍ကောင်းမွန်ကြောင်းသိရပါသည်။

မလေးရှားဒူးရင်းနှင့်အလားတူပင် ထိုင်းဒူးရင်းမှာလည်း (၂၀၂၀) ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအတွင်း အမေရိကန်ဒေါ်လာ (၅၆၇)သန်းတန်ဖိုးရှိ ဒူးရင်းသီးများကို တင်ပို့ခဲ့ရကာ ယခင်နှစ်ကထက် (၇၈)ရာခိုင်နှုန်းတိုးတက်လာခဲ့ခြင်းဖြစ်ပါသည်။ ဈေးနှုန်းအရလည်း (၂၀၁၉)ခုနှစ်အတွင်းက အမေရိကန်ဒေါ်လာ (၂.၈၈)မှ (၃.၅၂)ကြားသာရှိခဲ့သော်လည်း ယခုနှစ်တွင် အမေရိကန်ဒေါ်လာ (၄.၂၂)မှ (၄.၉၃)ကြားရှိလာခဲ့ပါသည်။ ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့မှုမှာ နှစ်နိုင်ငံအကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်များ၊ ကောင်းမွန်သောအရည်အသွေးနှင့် တရုတ်လူမျိုးများ၏ နှစ်ခြိုက်မှုတို့ကြောင့် ဆက်လက်တိုးတက်လာလျက်ရှိသည်ကို တွေ့ရပါသည်။

တရုတ်နိုင်ငံတွင် အပူပိုင်းဒေသရာသီဥတုရရှိသော ဟိုင်နန်ကျွန်း၌ ဒူးရင်းသီးစိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး၊ မကြာမီနှစ်အနည်းငယ်အတွင်း လယ်ယာစိုက်ပျိုးရေးမြေများ၌ ဒူးရင်းပင်များ စိုက်ပျိုးမှုမြင့်လာနိုင်ကြောင်း ကျွမ်းကျင်သူအချို့က သုံးသပ်ကြပါသည်။

**ပိန္နဲသီး**

တရုတ်နိုင်ငံတွင် ပိန္နဲသီးကို အပူပိုင်းရာသီဥတုမျိုးရရှိသည့် ဟိုင်နန်ကျွန်းတွင်သာ စိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း သိရပါသည်။ ဟိုင်နန်ကျွန်းပေါ်တွင် အောက်ဖော်ပြပါပုံ၌ ဖော်ပြထားသည့် မလေးရှားမှ ပိန္နဲသီးမျိုးများကို စိုက်ပျိုးလာသော်လည်း စိုက်ခင်း များ၏ သက်တမ်းမှာ နုနေဆဲဖြစ်ပါသည်။ တရုတ်နိုင်ငံမှ စားသုံးသူများမှာ ပိန္နဲသီး၏ အရသာကို အရသာသစ်အဖြစ် နှစ်ခြိုက်ကြသောကြောင့် တရုတ်နိုင်ငံတွင် ပိန္နဲသီး၏ ကြီးမားသော ဈေးကွက်အလားအလာရှိနေပါသည်။



နိုင်ငံအဆင့် တရားဝင်စာရင်းဇယားများ မရှိသေးသော်လည်း တရုတ်နိုင်ငံ၌ ပိန္နဲသီး စိုက်ပျိုးသည့်မြေ အနည်းဆုံး ဟက်တာ (၁)သောင်းခန့် ရှိမည်ဟု ခန့်မှန်းရပါသည်။ ၎င်းအနက် ဟက်တာ (၆)ထောင်ခန့်မှာ ဟိုင်နန်တွင် တည်ရှိပါသည်။ ကွမ်တုန်း၊ ကွမ်ရှီး၊ ယူနန်၊ စီချွန်းနှင့် ဖူကျန့်တို့တွင်လည်း အနည်းငယ်စီ စိုက်ပျိုးလာကြပါသည်။ တရုတ်ပြည်တွင်းတွင် စိုက်ပျိုးသည့် ပိန္နဲသီးမှာ အဝါရောင်အသားရှိသည့်မျိုးဖြစ်ပါသည်။

**တရုတ်နိုင်ငံ၏ ပိန္နဲသီးထွက်ရှိသော ရာသီပြဇယား**

| ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

မကြာမီနှစ်များအတွင်း ပိန္နဲသီးအား လူကြိုက်များလာသောကြောင့် ပြည်ပမှ တင်သွင်းမှုများလည်း မြင့်တက်လာပါသည်။ ကျဲ့ကျန်းပြည်နယ်ရှိ ကျားရှင်း(Jiaxing) သစ်သီးဈေးကွက်မှာ အရှေ့တောင် အာရှမှ တင်သွင်းလာသောပိန္နဲသီးများကို ဖြန့်ဖြူးသည့် အဓိကကုန်သွယ်မှုပြုသောနေရာဖြစ်ပါသည်။ ၎င်းဈေးမှာ ပြည်ပမှတင်သွင်းလာသော အရည်အသွေးမြင့်သစ်သီးဝလံများအတွက် ဈေးကွက်ဖြစ်ပါသည်။ (၂၀၁၆)ခုနှစ်အတွင်း ၎င်းဈေး၌ ပိန္နဲသီးများ ကုန်သွယ်မှု ပမာဏမှာ တန်ချိန် (၂,၃၄၉)တန်သာရှိသော်လည်း (၂၀၁၇)ခုနှစ်တွင် တန်ချိန် (၂၉,၃၀၀)တန်သို့ ချက်ချင်းမြင့်တက်သွားခဲ့ပါသည်။ (၂၀၁၈)ခုနှစ်ကုန်၌ ပိန္နဲသီး တန်ချိန် (၃၈,၂၀၀)တန် အထိ ကုန်သွယ်မှု ပြုနိုင်ခဲ့ပါသည်။

ကျားရှင်းသစ်သီးဝလံဈေးမှ ဖြန့်ဖြူးနေသော ပိန္နဲသီးတွင် အဓိက နှစ်မျိုးနှစ်စားရှိပါသည်။ တစ်မျိုးမှာ ဗီယက်နမ်နိုင်ငံမှ ထွက်သည့် (ရွှေဝါရောင်သန်းသည့်) အနီရောင်အသားရှိသည့်ပိန္နဲသီးဖြစ်ပြီး၊ နောက်တစ်မျိုးမှာ ထိုင်းနိုင်ငံမှ ထွက်သည့် အဝါရောင်အသားရှိသည့်ပိန္နဲသီးတို့ဖြစ်ကြပါသည်။ အနီရောင် အသားရှိသည့်ပိန္နဲသီးမျိုးမှာ ပိုမိုလုံးဝန်းပြီး အတွင်း၌ အမျှင်ဓာတ်ပါဝင်မှုနည်းပြီး အသားပိုမိုပါဝင်ပါသည်။ (၆)ကီလိုခန့်အရွယ်အစားရှိသည့်အသီးတွင် (၅၀)ရာခိုင်နှုန်းခန့်ကို စားသုံး၍ရပါသည်။ အဝါရောင်အသားရှိသည့် ပိန္နဲသီးမှာ အရွယ်အစားပိုမိုကြီးမားပြီး အတွင်း၌ အမျှင်ပါဝင်မှုပိုများကာ (၁၀)ကီလိုဂရမ်အရွယ်အစားရှိပိန္နဲသီးတစ်လုံးတွင် (၂၀ မှ ၂၅)ရာခိုင်နှုန်းခန့်သာ စားသုံး၍ရပါသည်။ အနီရောင် အသားရှိသည့်ပိန္နဲသီးမှာ ဈေးပိုမိုရရှိပါသည်။

ကျားရှင်းသစ်သီးဝလံဈေးတွင်ရောင်းချမည့် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံများမှ ပိန္နဲသီးများကို တရုတ်နိုင်ငံတောင်ပိုင်း၊ ဗီယက်နမ်နှင့်နယ်စပ်ဒေသဖြစ်သည့် ပင်းရှန်နယ်စပ်

ဂိတ်မှ အထူးကုန်တင်ယာဉ်များဖြင့် တင်သွင်းလာခြင်းဖြစ်ပြီး ကုန်တင်ယာဉ်တစ်စီးလျှင် (၂၅)တန် တင်ဆောင်၍ရကြောင်း သိရပါသည်။

ရှန်ဟိုင်းမြို့အခြေစိုက် ထိုင်းနိုင်ငံသံမှူး၏ ပြောကြားချက်အရ ထိုင်းနိုင်ငံမှ ပိန္နဲသီးများမှာ တစ်နှစ်ပတ်လုံးထွက်ရှိသော်လည်း အများဆုံးထွက်ရှိချိန်မှာ ဧပြီလနှင့် မေလများတွင်ဖြစ်ကြောင်း၊ (၂၀၁၈)ခုနှစ်အတွင်း ထိုင်းနိုင်ငံမှ ပိန္နဲသီးတန်ချိန် (၃၈,၀၀၀) ကျော်ကို ပြည်ပသို့ တင်ပို့ ပြီး ၎င်းအနက် (၄၇.၁)ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံသို့တင်ပို့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ပိန္နဲသီးအများဆုံးထုတ်လုပ်နေသည့်နိုင်ငံများမှာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့ဖြစ်ကြောင်း သိရပါသည်။ ဗီယက်နမ်နိုင်ငံမှ တင်သွင်းသည့် ပိန္နဲသီးမျိုးမှာ အနီရောင်အသားရှိသည့်မျိုးဖြစ်၍ ထိုင်းနိုင်ငံမှ ပိန္နဲသီးထက် အရသာပိုမိုကောင်းမွန်ကာ ဈေးပိုရကြောင်း သိရပါသည်။ ပိန္နဲသီး အားအများစုက လတ်ဆတ်သစ်သီးအနေဖြင့် စားသုံးကြကာ စားသောက်ကုန်ပြုပြင် ထုတ်လုပ်သူအချို့လည်းရှိကြောင်း သိရပါသည်။

**တရုတ်နိုင်ငံ၊ ကျားရှင်းသစ်သီးဝလံဈေး၌ ပြည်ပမှတင်သွင်းသော ပိန္နဲသီးများ ရောင်းချသည့်အချိန်ပြဇယား**

| ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

## မင်းဂွတ်သီး

တရုတ်နိုင်ငံသို့ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများမှ မင်းဂွတ်သီးတင်ပို့ခွင့် ပြုထားပါသည်။ ၎င်းနိုင်ငံများအနက် ထိုင်းနိုင်ငံက တရုတ်နိုင်ငံ၏ မင်းဂွတ်သီးဈေးကွက်အား အများဆုံးပိုင်ဆိုင်ထားပါသည်။ တရုတ်အကောက်ခွန်ဌာန၏ စာရင်းများအရ (၂၀၁၉)ခုနှစ်အတွင်း တရုတ်နိုင်ငံက မင်းဂွတ်သီး အမေရိကန်ဒေါ်လာ (၇၉၅) သန်းဖိုး တင်သွင်းခဲ့ကြရာ ၎င်းအနက် (၉၂.၆)ရာခိုင်နှုန်းမှာ ထိုင်းနိုင်ငံမှမင်းဂွတ်သီးများ ဖြစ်ပါသည်။ ထိုင်းနိုင်ငံမှ မင်းဂွတ်သီးများမှာ အခွံပါး၍ အရသာအလွန်ကောင်းမွန်ကာ၊ သယ်ယူပို့ဆောင်မှုဒဏ်ကို ခံနိုင်သည့် စီမံဆောင်ရွက်မှုများကြောင့် ပိုမိုလတ်ဆတ်ကြောင်း

သိရပါသည်။ ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံသို့ ကုန်စည်တင်ပို့မှုကြာမြင့်ချိန်မှာ (၃)ရက်သာကြာမြင့်ကြောင်းသိရပါသည်။

ထိုင်းနိုင်ငံမှ မင်းဂွတ်သီးအများအပြားထုတ်လုပ်၍ တရုတ်နိုင်ငံသို့ တင်ပို့သော မေလအလယ်ခန့်တွင် ဈေးများကျဆင်းလေ့ရှိပါသည်။ (၂၀၂၀)ခုနှစ် ပထမသုံးလအတွင်း ကိုရိုနာကပ်ရောဂါဖြစ်ပွားမှုကြောင့် တရုတ်နိုင်ငံ၏ မင်းဂွတ်သီးတင်သွင်းမှု (၆၃)ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ပါသည်။

**တရုတ်နိုင်ငံ၏ မင်းဂွတ်သီးထွက်ရှိသော ရာသီပြဇယား**

| ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

**တရုတ်နိုင်ငံက ထိုင်းနိုင်ငံမှ မင်းဂွတ်သီးများကို တင်သွင်းသည့်အချိန်ကာလပြဇယား**

| ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

အင်ဒိုနီးရှားနိုင်ငံမှ မင်းဂွတ်သီးများကလည်း တရုတ်ဈေးကွက်အတွင်း တင်ပို့ခွင့်ကို ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလမှ စတင်ရရှိထားပြီး ဈေးကွက်နေရာ ကောင်းမွန်စွာ နေရာရရှိလျက်ရှိပါသည်။ (၂၀၁၉)ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံက တရုတ်နိုင်ငံသို့ မင်းဂွတ်သီးတန်ချိန် (၁၉,၄၈၉)တန်အား တင်ပို့ခဲ့ပြီး (၂၀၁၈)ခုနှစ်ကထက် (၁၆၁)ရာခိုင်နှုန်းတိုးတက်လာခဲ့ပါသည်။ (၂၀၂၀)ခုနှစ် ပထမ (၃)လအတွင်း တရုတ်နိုင်ငံသို့ မင်းဂွတ်သီးတန်ချိန် (၁၈,၁၀၆) တန် တင်ပို့နိုင်ခဲ့ပြီး အရှိန်အဟုန်ကို ဆက်လက်ထိန်းထားနိုင် ခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံတွင် မင်းဂွတ်သီးများ တစ်နှစ်ပတ်လုံးထွက်ရှိပြီး အများအပြားထွက်ရှိသည့်ကာလမှာ နိုဝင်ဘာလမှ ဖေဖော်ဝါရီလအကြားဖြစ်ပါသည်။ သို့ရာတွင် အင်ဒိုနီးရှားနိုင်ငံမှ တရုတ်နိုင်ငံသို့ သင်္ဘောဖြင့်ကုန်စည်တင်ပို့မှုကြာမြင့်ချိန်မှာ (၁၃)ရက်ခန့်ကြာမြင့်သောကြောင့် လတ်ဆတ်မှုတွင် ထိုင်းမင်းဂွတ်သီးများက အလေးသာကြောင်းသိရပါသည်။

**တရုတ်နိုင်ငံက အင်ဒိုနီးရှားနိုင်ငံမှ မင်းဂွတ်သီးများကို တင်သွင်းသည့်အချိန်ကာလပြဇယား**

| | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| မင်းဂွတ်သီး | | | | | | | | | | | | |

ယခင်က ဗီယက်နမ်မှ ထွက်သည့်မင်းဂွတ်သီးများကို နယ်စပ်ကုန်သွယ်ရေး နည်းလမ်းဖြင့် တရားဝင်ဈေးကွက်ဝင်ရောက်မှုမရှိဘဲ တင်သွင်းခဲ့ကြရာ ဗီယက်နမ်မင်းဂွတ် သီးများမှာ ဈေးနှုန်းပိုမိုသက်သာပြီး သယ်ယူပို့ဆောင်ချိန်လည်းတိုတောင်းပါသည်။ သို့ရာတွင် တရုတ်ဘက်မှ စစ်ဆေးရေးစံချိန်စံညွှန်းများကို ပိုမိုတင်းကြပ်လိုက်ရာ ဗီယက်နမ်ထွက် မင်းဂွတ်သီးများ တရုတ်နိုင်ငံ၏ဈေးကွက်အတွင်းဝင်ရောက်ရန် အခက်အခဲများဖြစ်ပေါ်နေ ကြောင်းသတင်းရရှိပါသည်။

**နဂါးမျက်စိသီး (လိုဂန်)**

(၂၀၁၆)ခုနှစ်အတွင်း တရုတ်နိုင်ငံမှ နဂါးမျက်စိသီး (လိုဂန်)စိုက်ခင်း (၃၁၀,၀၀၀) ဟက်တာမှ တန်ချိန် (၁.၉)သန်း ထုတ်လုပ်နိုင်ခဲ့သည်ကို တွေ့ရပါသည်။ စုစု ပေါင်း လိုဂန်စိုက်ပျိုးမှု၏ (၉၂)ရာခိုင်နှုန်းကို ကွမ်တုန်း၊ ကွမ်ရှီး၊ ဖူကျန့်ပြည်နယ်များတွင် ပြုလုပ်ပြီး တစ်ဟက်တာလျှင် ပျမ်းမျှ (၆.၂)တန်ခန့်ထွက်ရှိပါသည်။ လိုဂန်သစ်ပင်များအား နွေဦးနှင့် ဆောင်းဦးရာသီများတွင် စိုက်ပျိုးရန်လိုအပ်ပြီး (၃)နှစ်မှ (၄)နှစ်အတွင်း အသီးသီးပါ သည်။

**တရုတ်နိုင်ငံ၏ နဂါးမျက်စိ (လိုဂန်)သီးထွက်ရှိသော ရာသီပြဇယား**

| ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

HS ခေါင်းစဉ် ၀၈၁၀၉၀၃၀ အောက်တွင် (၂၀၁၈)ခုနှစ်အတွင်း ပြည်ပမှ လတ်ဆတ်လိုဂန်သစ်သီးများ တင်သွင်းခဲ့မှုမှာ တန်ချိန် (၄၅၇,၀၀၀)နီးပါးရှိပါသည်။ လွန်ခဲ့ သည့်(၅)နှစ်အတွင်း ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှာ တရုတ်နိုင်ငံသို့ လိုဂန်သီးများ တင်သွင်း ခဲ့သည့် နိုင်ငံနှစ်နိုင်ငံဖြစ်ပါသည်။ ထိုင်းနိုင်ငံမှ လိုဂန်သီးများမှာ ဗီယက်နမ်လိုဂန်သီးများ ထက် ဈေးနှုန်းနှစ်ဆပိုမိုရရှိပါသည်။ လိုဂန်သီးများ၏ လတ်ဆတ်မှု၊ အရသာကောင်းမွန်မှု၊ အရောင်နှင့် အနံ့တို့အကြောင်း ပိုမိုနားလည်သည့် တရုတ်နိုင်ငံတောင်ပိုင်းဒေသမှ ပြည်သူများ က ပိုမိုစားသုံးကြကြောင်း သိရပါသည်။

## တရုတ်နိုင်ငံ၏ ပြည်နယ်အလိုက်သစ်သီးဝလံထုတ်လုပ်မှုအခြေအနေ

အချုပ်အားဖြင့်တင်ပြရသော် တရုတ်နိုင်ငံ၏ ပြည်နယ်အလိုက်သစ်သီးဝလံ ထုတ်လုပ်မှုများမှာ ပမာဏအများမှာ အနည်းအလိုက် အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် –

| ပြည်နယ် | သစ်သီးတန်ချိန် (သန်းပေါင်း) | သစ်သီးအမျိုးအစား |
|---|---|---|
| ရှန်တုန်း | ၂၇.၈၉ | ပန်းသီး၊ အဖြူရောင် သစ်တော် သီး၊ မက်မွန်သီး၊ မက်မန်းသီးကဲ့သို့ သပြေမှည့်ရောင် ဆီးသီး (plum)၊ မက်မွန်သီးနှင့် ဆင်တူသည့် ဝါဖျော့ဖျော့လိမ္မော်ရောင်ရှိသော တရုတ်ဆီးသီး (apricot)၊ တည်သီး၊ ဖရဲသီး |
| ဟာနန် | ၂၄.၉၃ | ပန်းသီး၊ မက်မန်းသီးကဲ့သို့ သပြေမှည့်ရောင် ဆီးသီး (plum)၊ မက်မွန်သီးနှင့် ဆင်တူသည့် ဝါဖျော့ဖျော့လိမ္မော်ရောင်ရှိသော တရုတ်ဆီးသီး (apricot)၊ တည်သီး၊ ဖရဲသီး |
| ကွမ်ရှီး | ၂၁.၁၇ | မက်မွန်သီး၊ မုမဲသီး၊ လိုက်ချီးစ်၊ ပင်မှည့်သီး၊ နဂါးမောက်သီး၊ သရက်သီး၊ သဘော်သီး၊ ငှက်ပျောသီး၊ ထောပတ်သီး၊ လိုဂန်သီး၊ ပိန္နဲသီး |
| ရှမ်းရှီး | ၁၈.၃၅ | ပန်းသီး၊ မက်မွန်သီး |
| ကွမ်တုန်း | ၁၆.၆၉ | မုမဲသီး၊ နာနတ်သီး၊ လိုက်ချီးစ်၊ ပင်မှည့်သီး၊ စောင်းလျားသီး၊ ကျွဲကောသီး၊ သရက်သီး၊ ငှက်ပျောသီး၊ ထောပတ်သီး၊ လိုဂန်သီး၊ ပိန္နဲသီး၊ နဂါးမောက်သီး |
| ဟာဘေ | ၁၃.၄၈ | အဖြူရောင်သစ်တော်သီး၊ ပန်းသီး၊ |

| | | |
|---|---|---|
| | | မက်မွန်သီး၊ မက်မန်းသီးကဲ့သို့ သပြေမှည့်ရောင်ဆီးသီး (plum)၊ မက်မွန်သီးနှင့်ဆင်တူသည့် ဝါဖျော့ဖျော့လိမ္မော်ရောင်ရှိသော တရုတ်ဆီးသီး (apricot)၊ တည်သီး၊ နဂါးမောက်သီး၊ ဖရဲသီး |
| စီချွမ်း | ၁၀.၈၁ | Citrus သစ်သီးဝလံများ၊ ပန်းသီး၊ စပျစ်သီး၊ သံပုယိုသီး၊ သစ်တော်သီး၊ သလဲသီး၊ ကီဝီသီး၊ မက်မွန်သီး၊ ဆီးသီး၊ တရုတ်ဆီးသီး၊ စတော်ဘယ်ရီသီး၊ ထောပတ်သီး၊ မုမဲသီး၊ လိုဂန်သီး၊ ပိန္နဲသီး |
| ဟူနန် | ၁၀.၁၇ | သစ်တော်သီး၊ မက်မွန်သီး၊ မုမဲသီး၊ Citrus သစ်သီးဝလံများ၊ ကီဝီသီး |
| ဟူပေ | ၉.၉၈ | Mulberries၊ Loquats၊ Nectarines |
| ကျင်းစု | ၉.၃၄ | ပန်းသီး၊ မက်မွန်သီး၊ သစ်တော်သီး၊ မုမဲသီး၊ Citrus သစ်သီးဝလံများ၊ ကီဝီသီး၊ ဖရဲသီး |
| ယူနန် | ၈.၁၃ | သရက်သီး။ ငှက်ပျောသီး၊ လိုက်ချီးစ်သီး၊ နာနတ်သီး၊ ထောပတ်သီး၊ သစ်တော်သီး၊ မက်မွန်သီး၊ မုမဲသီး၊ Citrus သစ်သီးဝလံများ၊ ကီဝီသီး၊ လိုဂန်သီး၊ ပိန္နဲသီး |
| လျှိုနင်း | ၇.၈၉ | အဖြူရောင်သစ်တော်သီး၊ ဖရဲသီး |
| ရှန်စီး | ၇.၅၁ | ပန်းသီး၊ မက်မန်းသီးကဲ့သို့ သပြေမှည့်ရောင် ဆီးသီး (plum)၊ မက်မွန်သီးနှင့်ဆင်တူသည့် ဝါဖျော့ဖျော့ လိမ္မော်ရောင်ရှိသော တရုတ်ဆီးသီး (apricot)၊ တည်သီး၊ |
| ကွဲ့ကျန်း | ၇.၄၄ | ထောပတ်သီး၊ စပျစ်သီး၊ မက်မွန်သီး |

| | | |
|---|---|---|
| ကျောင်းစီ | ၆.၈၄ | သစ်တော်သီး၊ မက်မွန်သီး၊ မုမဲသီး၊ Citrus သစ်သီးဝလံများ၊ ကီဝီသီး |
| ဖူကျန့် | ၆.၈၃ | ပင်မှည့်သီး၊ လိုက်ချီးစ်သီး၊ စောင်းလျားသီး၊ ကျွဲကောသီး၊ သရက်သီး၊ လိုက်ချီးစ်သီး၊ ထောပတ်သီး၊ လိုဂန်သီး၊ ပိန္နဲသီး |
| အန်းဝေ | ၆.၄၄ | သစ်တော်သီး၊ Citrus သစ်သီးဝလံများ၊ သလဲသီး၊ ကီဝီသီး၊ သစ်တော်သီး၊ မက်မွန်သီး၊ မုမဲသီး၊ ဖရဲသီး |
| ဂန်းဆု | ၆.၀၉ | ပန်းသီး၊ မက်မွန်သီး |
| ချုံချင်း | ၄.၃၁ | Citrus သစ်သီးဝလံများ၊ သစ်တော်သီး၊ မက်မွန်သီး၊ မုမဲသီး၊ ကီဝီသီး၊ လိုဂန်သီး |
| ဟိုင်နန် | ၄.၃ | ပင်မှည့်သီး၊ နာနတ်သီး၊ သရက် သီး၊ သဘော်သီး၊ နဂါးမောက်သီး၊ လိုဂန်သီး၊ ငှက်ပျောသီး၊ သရက်သီး၊ သဘော်သီး၊ ကြက်မောက်သီး၊ ကျွဲကောသီး၊ လိုက်ချီးစ်၊ ထောပတ်သီး |
| ကွေ့ကျိုး | ၃.၇ | အစိမ်းရောင်ဆီးသီး၊ ဘလူးဘယ်ရီသီး၊ ကီဝီသီး၊ ထောပတ်သီး |
| အတွင်းမွန်ဂိုလီးယား | ၂.၆၄ | Citrus သစ်သီးဝလံများ၊ ပန်းသီး၊ သစ်တော်သီး၊ ဂရိတ်ဖရု၊ စပျစ်သီး |
| နင်းရှ | ၁.၉၇ | Goji Berries (Chinese Wolfberry)၊ |
| ဟေလုံကျန်း | ၁.၇၁ | ဖရဲသီး |
| ကျိလင် | ၁.၄၈ | သခွားမွှေး |
| ဘေကျင်း | ၀.၆၁ | စတော်ဘယ်ရီ၊ ချယ်ရီ၊ တရုတ်ဆီးသီး၊ သစ်တော်သီး၊ မက်မွန်သီး၊ စပျစ်သီး၊ ပန်းသီး၊ တည်သီး |
| ချင်းဟိုင် | ၀.၀၄ | သစ်တော်သီး၊ မက်မွန်သီး၊ မုမဲသီး၊ Citrus |

| | | |
|---|---|---|
| | | သစ်သီးဝလံများ၊ ကီဝီသီး |

ရင်းမြစ် – Statista 2020

## ကုန်စည်ထောက်ပို့သယ်ယူပို့ဆောင်မှုများ

(၂၀၁၂)ခုနှစ်တွင် အာဆီယံ- လွတ်လပ်သည့်ကုန်သွယ်မှုနယ်မြေစတင်တည်ထောင်ချိန်မှစ၍ တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကုန်သွယ်မှုတိုးတက်လာခဲ့ပါသည်။ HS Code ခေါင်းစဉ် (၀၈-စားသုံးနိုင်သော သစ်သီးဝလံ များနှင့် အစေ့အဆန်များ) အောက်၌ တရုတ်နိုင်ငံက (၂၀၁၂)ခုနှစ်နှင့် (၂၀၁၈)ခုနှစ်ကြားတွင် တင်သွင်းခဲ့သည့်ပမာဏမှာ အမေရိကန်ဒေါ်လာ (၂၁၆)သန်းမှ အမေရိကန်ဒေါ်လာ (၃.၈)ဘီလီယံနီးပါးအထိ (၁၆)ဆခန့် တိုးတက်လာခဲ့ပါသည်။ တရုတ်နိုင်ငံသို့ လတ်ဆတ်သစ်သီးဝလံတင်ပို့ကြသူများက အရှေ့ပိုင်းဆိပ်ကမ်းများသို့ အများဆုံးတင်ပို့ကြပါသည်။ သို့ရာတွင် တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ဗီယက်နမ်၊ လာအိုနှင့် မြန်မာတို့မှ သစ်သီးဝလံပမာဏအတော်များများကို တောင်ပိုင်းနှင့် အနောက်တောင်ပိုင်းဒေသများသို့ ကုန်းလမ်းဖြင့် တင်ပို့လျက်ရှိပါသည်။ တရုတ်နိုင်ငံက အာဆီယံနိုင်ငံများမှ ရောက်ရှိလာသည့် သစ်သီးဝလံများအပေါ် အကောက်ခွန်ကင်းလွတ်ခွင့်များပေးထားသော်လည်း ဝင်ရောက်သည့်ဆိပ်ကမ်းနှင့် ဝင်ရောက်လာသည့်နည်းလမ်းပေါ်မူတည်၍ တန်ဖိုးဖြည့်အခွန် (VAT)နှင့် အခြားအခွန်အခများ ပေးဆောင်ရန်လိုအပ်သည်ဟူသည်ကို လုပ်ငန်းရှင်များက သတိပြုကြရမည်ဖြစ်ပါသည်။

## ပင်လယ်ရေကြောင်းမှ တင်ပို့ခြင်း

အခြားကုန်စည်ပို့ဆောင်သည့်နည်းမလမ်းများနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ တင်ပို့ခြင်းမှာ များစွာဈေးကြီးခြင်းမရှိလှပါ။ များသောအားဖြင့် ပင်လယ်ရေကြောင်းမှ တင်သွင်းလိုသူများက အကြီးဆုံးလက်ကားဈေးများနှင့် စားသုံးသူဈေးကွက်များရှိရာနှင့် အနီးဆုံးဆိပ်ကမ်းများမှတဆင့် တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းလိုကြပြီး ဒေသတွင်း၌ဖြစ်စေ၊ တစ်နိုင်ငံလုံးသို့ဖြစ်စေ အလျင်အမြန် ဖြန့်ချိလိုကြပါသည်။ ပင်လယ်ရေကြောင်းနည်းလမ်းအသုံးပြုခြင်း၏ အခြေခံဆိုးကျိုးတစ်ရပ်မှာ သယ်ယူပို့ဆောင်ရေးကြာမြင့်ချိန်ဖြစ်ပြီး ကုန်းလမ်းဖြင့် ပို့ဆောင်သည်ထက် ပိုမိုကြာရှည်တတ်ပါသည်။ ထို့ပြင် တရုတ်နိုင်ငံသို့အရှေ့တောင်အာရှနိုင်ငံများမှ သစ်သီးဝလံများကို ပင်လယ်ရေကြောင်းဖြင့်တင်ပို့ပါက

တရုတ်အကောက်ခွန်ဌာနက VAT (၉)ရာခိုင်နှုန်းကောက်ခံပြီး ၊ ၎င်းမှာကုန်းလမ်းမှ ဝင်ရောက်လာသည့်ကုန်စည်များကို ကောက်ခံသည့်နှုန်းထက်များပြားပါသည်။

**ကွမ်ရှီးနယ်စပ်ကုန်သွယ်ရေး**

ကွမ်ရှီးဒေသနှင့် ဗီယက်နမ်တို့အကြား ခေတ်မီနယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးမှာ (၁၉၈၀)ခုနှစ်များအတွင်း စတင်ဖွံ့ဖြိုးလာခဲ့ပါသည်။ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်စေရန် ဗီယက်နမ်ကို ဖြတ်သန်း၍ တရုတ် နယ်နိမိတ်နှင့် ဆက်သွယ်ပေးထားသော အဝေးပြေးကွန်ယက်များအား ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့သို့ အသုံးပြုခွင့်ပေးထားပါသည်။ အထူးသဖြင့် လတ်ဆတ်သစ်သီးဝလံများအား တရုတ်နိုင်ငံသို့ တင်သွင်းရာတွင် ကွမ်ရှီးကုန်းကြောင်းဆိပ်ကမ်းများအဖြစ် ပင်းရှန်၊ လောင်းဘန်း၊ တုန်ရှင်းနှင့် ရှုကိုတို့အား သတ်မှတ်ထားပါသည်။ ထို့ပြင် လတ်ဆတ်သစ်သီးဝလံများအား ဖန်ချန်းကန်နှင့် ချင်းကျိုး လွတ်လပ်သောကုန်သွယ်ရေးဇုန်များ၏ ပင်လယ်ဆိပ်ကမ်းများနှင့် ကွေ့လင်လေဆိပ်တို့မှ တင်သွင်းခွင့်ပြုထားပါသည်။ ကွမ်ရှီး၏ အထင်ရှားဆုံးကုန်းကြောင်း ဆိပ်ကမ်းဖြစ်သည့် ပင်းရှန်ဆိပ်ကမ်း၌ပင် လတ်ဆတ်သစ်သီးဝလံများအတွက် လမ်းကြောင်း (၄)သွယ်ရှိပြီး ၎င်းလမ်းကြောင်းများအလိုက် ကောက်ခံသော အခွန်နှုန်းထားများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

| | | |
|---|---|---|
| Pingxiang Railway | ပုံမှန်ကုန်သွယ်ရေး (အလွန်သေးငယ်သော ပမာဏ) | တရားဝင်မှတ်ပုံတင်ထားသော တရုတ်သွင်းကုန်လုပ်ငန်းရှင်များမှ တင်သွင်းသော ကုန်ပစ္စည်းများ၊ (၉)ရာခိုင်နှုန်း VAT ကောက်ခံပါသည်။ |
| Youyiguan | ပုံမှန်ကုန်သွယ်ရေး | တရားဝင်မှတ်ပုံတင်ထားသော တရုတ်သွင်းကုန်လုပ်ငန်းရှင်များမှ တင်သွင်းသော ကုန်ပစ္စည်းများ၊ (၉)ရာခိုင်နှုန်း VAT ကောက်ခံပါသည်။ |

| | | |
|---|---|---|
| Puzhai | နယ်စပ်ကုန်သွယ်ရေး (အလွန်သေးငယ်သော ပမာဏ၊ နယ်စပ်ဒေသနေ ပြည်သူများအတွက်) | နယ်စပ်ဒေသတွင် တရားဝင် မှတ်ပုံတင်ထားသော လုပ်ငန်းရှင်များမှ တင်သွင်းသော ကုန်ပစ္စည်းများ၊ (၃)ရာခိုင်နှုန်း VAT ကောက်ခံပါသည်။ |
| Nongyao | နယ်စပ်ကုန်သွယ်ရေး | နယ်စပ်ဒေသတွင် နေထိုင်သော တရုတ်လူမျိုးများက ယွမ်ငွေ (၈)ထောင် (အမေရိကန်ဒေါ်လာ ၁,၁၃၉)တန်ဖိုးရှိ ပစ္စည်းများကို နေ့စဉ် တင်သွင်းခြင်း၊ ကုန်သေတ္တာတစ်လုံးလျှင် အကောက်ခွန်ရှင်းလင်းမှုအတွက် ကုန်ကျငွေ ယွမ် (၇)ထောင်မှ (၁၂,၀၀၀) ကြား (အမေရိကန်ဒေါ်လာ ၁,၀၆၈ မှ ၁,၇၀၉ကြား) ကောက်ခံပြီး၊ ပြည်နယ်အစိုးရက ကောက်ခံခြင်းဖြစ်ပါသည်) |

ကွမ်ရှီး၏ နယ်စပ်စခန်းအချို့က ဗီယက်နမ်မှ တင်သွင်းသော သစ်သီးဝလံများကိုသာ ဝင်ခွင့်ပြုသော်လည်း **<u>ပင်းရှန်ဝင်ပေါက်မှာ တရုတ်နိုင်ငံသို့ ဝင်ရောက်ခွင့်ပြုထားသည့် အာဆီယံနိုင်ငံများမှ သစ်သီးဝလံအားလုံးကို ဝင်ခွင့်ပြုထားပါသည်။</u>**

**သစ်သီးဝလံဖြန့်ချိခြင်း**

ပြည်ပမှတင်သွင်းသည့် သစ်သီးဝလံများအတွက် တရုတ်နိုင်ငံ၏ ကုန်စည်ထောက်ပံ့မှုကွင်းဆက်မှာ လက်ကားဈေးကွက်များ၊ ကုန်သည်များနှင့် ဖြန့်ချိသူများပါဝင်သည့် သမားရိုးကျကုန်စည်ဖြန့်ချိရေးကွင်းဆက်အပေါ် များစွာလိုက်ပါဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ သို့ရာတွင် မကြာသေးမီနှစ်များအတွင်းက ဝင်ငွေမြင့်မားသည့်

စားသုံးသူများက အရည်အသွေးမြင့်၊ တန်ဖိုးကြီး လတ်ဆတ်သစ်သီးဝလံများကို ဝယ်လိုအား မြင့်မားလာသည့်အတွက် ချီလီချယ်ရီသီးများအား အွန်လိုင်းပေါ်မှ မခူးဆွတ်မီကြိုတင်မှာယူထားမှုများ ဖြစ်ပေါ်လာပါသည်။ ၎င်းမှာယူမှုများအပေါ် သစ်သီးခူးဆွတ်ပြီး ရက်အနည်းငယ်အတွင်း အအေးဖြင့်ထုတ်ပိုးကာ တရုတ်ဖောက်သည်ထံ အထူးလေယာဉ်ဖြင့် အရောက်တင်ပို့ခြင်းမျိုးဖြစ်ပါသည်။

## သစ်သီးဝလံလက်ကားဈေးများ

တရုတ်နိုင်ငံရှိ သစ်သီးဝလံအများဆုံးတင်သွင်းသူများနှင့် ဖြန့်ချိသူများမှာ အဓိကဆိပ်ကမ်းများနှင့် အကြီးဆုံးစားသုံးသူဈေးကွက်များနှင့် အနီးစပ်ဆုံး လက်ကားဈေးများတွင် ရုံးများရှိပြီး လုပ်ငန်းလည်ပတ်ကြပါသည်။ ၎င်းတို့အနက် ကွမ်ကျိုးပြည်နယ်ရှိ (ကျောင်းနန်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်လက်ကားဈေးဟုလူသိများသော) J.H.M Marketမှာ နိုင်ငံ၏ ပြည်ပမှတင်သွင်းသောသစ်သီးဝလံများကို ရောင်းချသည့် အကြီးဆုံးလက်ကားဈေးဖြစ်ပါသည်။ ၎င်းဈေးမှာ ရှန်းကျန့်ဆိပ်ကမ်း၊ ဟောင်ကောင်နှင့် မြို့တော်၏ စားသုံးမှုမြင့်မားသောနေရာများနှင့် နီးကပ်စွာတည်ရှိပါသည်။ တရုတ်နိုင်ငံက ပြည်ပမှတင်သွင်းသော သစ်သီးဝလံများ၏ (၇၀)ရာခိုင်နှုန်းကျော်ကို J.H.M Marketတွင် ကုန်သွယ်မှုပြုလုပ်ပါသည်။

အလားတူပင် ရှန်ဟိုင်းမြို့အနီးရှိ ကျားရှင်းဈေး (Jiaxing Market)မှာလည်း အရှေ့တောင်အာရှမှ တင်သွင်းသည့် သစ်သီးဝလံများကို အများအပြားရောင်းချနေသည့် ဦးဆောင်လက်ကားဈေးဖြစ်ပါသည်။ ထို့ပြင် ရှန်ဟိုင်းရှိ ဝေ့ကျန်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်လက်ကားဈေး(Huizhan Fruit and Vegetable Market)နှင့် အနီးတစ်ဝိုက်ရှိ သစ်သီးဝလံဈေးများမှာလည်း တရုတ်နိုင်ငံက တင်သွင်းသည့် လတ်ဆတ်သစ်သီးဝလံများ ဖြန့်ချိရေးတွင် အရေးပါပါသည်။

ဘေကျင်းမြို့ရှိ ရှင်းဖဒီဈေး (Xinfadi Market)မှာလည်း တီရန်ကျင်းဆိပ်ကမ်း၊ မြို့တော်၏ စားသုံးမှုအဆင့်မြင့်သော နေရာများနှင့် နီးကပ်မှုရှိပြီး တရုတ်နိုင်ငံ မြောက်ပိုင်းဒေသများသို့ ဖြန့်ဖြူးပေးသည့် အရေးပါသောဈေးဖြစ်ပါသည်။ ယေဘုယျအားဖြင့် တရုတ်နိုင်ငံ၏ ပြည်နယ်နှင့် ဒေသတစ်ခုစီတိုင်းတွင် သစ်သီးဝလံများအတွက် အဓိကလက်ကားဈေးတစ်ခုစီ အနည်းဆုံးတည်ရှိပါသည်။

တရုတ်နိုင်ငံသို့ အရှေ့တောင်အာရှနိုင်ငံများမှ ဝင်ရောက်လာသည့် လတ်ဆတ်သစ်သီးဝလံများကို ဦးဆောင်နေသည့် လက်ကားသစ်သီးဈေးကွက်များမှ ဖြန့်ချိခြင်းဖြစ်ပါသည်။ ကွမ်ရှီး (သို့မဟုတ်) ယူနန်သို့ ရောက်ရှိလာသော သစ်သီးဝလံများကို များသောအားဖြင့် ကွမ်ကျိုး၊ ရှန်ဟိုင်း၊ ဘေကျင်းနှင့် အခြား စားသုံးမှုမြင့်မားသော မြို့ပြဒေသများရှိ လက်ကားဈေးများသို့ တိုက်ရိုက်တင်ပို့ကြပြီး၊ အချို့ကို တောင်နှင့် အနောက်တောင်ပိုင်းရှိ ဒုတိယအဆင့် မြို့များရှိ လက်ကားဈေးများမှတဆင့် ဖြန့်ချိကြပါသည်။ လတ်ဆတ်သစ်သီးဝလံများကို တင်ပို့နေသူများအနေဖြင့် မိမိတို့တင်ပို့သောနိုင်ငံရှိ လက်ကားဈေးများသို့ ကိုယ်တိုင်သွားရောက်၍ ကုန်ပစ္စည်းများကို မြေပြင်တွင် မည်ကဲ့သို့ လွှဲပြောင်းဖြန့်ချိသည်ဟူသည်ကို လေ့လာသင့်ကြောင်း အကြံပြုလိုပါသည်။

**သစ်သီးဝလံကုန်သွယ်မှုအား ထိန်းကျောင်းသည့်စည်းမျဉ်းပတ်ဝန်းကျင်**

**General Administration of Customs of China (GACC)**


တရုတ်နိုင်ငံ၏ လတ်ဆတ်သစ်သီးဝလံများတင်သွင်းမှုအား General Administration of Customs of China (GACC)အဖွဲ့အစည်းက မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ဆက်စပ်နေသည့် ကုန်ပစ္စည်းစစ်ဆေးမှုများဖြင့် ထိန်းကျောင်းကြပ်မတ်ပါသည်။ GACCသည် နိုင်ငံတော်ကောင်စီသို့ တိုက်ရိုက်အစီရင်ခံရသော အဖွဲ့အစည်းဖြစ်ပြီး ဝန်ထမ်းပေါင်း (၆)သောင်းကျော်ရှိပါသည်။ ၎င်းတွင် ဌာန(၁၈)ခု၊ လက်အောက်ခံကုမ္ပဏီ (၈)ခုနှင့် အသင်းအဖွဲ့ (၄)ခုရှိပြီး ကမ္ဘာတစ်ဝှမ်း၌ ကိုယ်စားလှယ်ရုံးများရှိပါသည်။ (၂၀၁၈)ခုနှစ်၌ တရုတ်အစိုးရ၏ ဖွဲ့စည်းပုံပြန်လည်ပြင်ဆင်မှုများပြုလုပ်ပြီးနောက် ယခင်တာဝန်ရှိခဲ့သော Administration of Quality Supervision, Inspection and Quarantine (AQSIQ) အစား GACCက ပြောင်းလဲတာဝန်ယူခဲ့ခြင်းဖြစ်ပါသည်။

GACCက တရုတ်နိုင်ငံအတွင်းသို့ ဝင်ရောက်မည့် နိုင်ငံခြားကုန်ပစ္စည်းများအတွက် ဝင်ခွင့်ပြုခြင်း၊ ကုန်ပစ္စည်းတစ်ခုစီအတွက် အပင်နှင့် ပိုးမွှားရောဂါများနှင့် စပ်လျဉ်းသော ဆန်းစစ်အကဲဖြတ်မှုများပြုလုပ်ခြင်း၊ တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းခွင့်ပြုထားသည့် လတ်ဆတ်သစ်သီးဝလံစာရင်းများ၊ တရားဝင်မှတ်ပုံတင်ထားသော ထုပ်ပိုးသည့်ရုံများနှင့် ဥယျာဉ်ခြံများကို အချိန်နှင့်တပြေးညီ အတည်ပြုထုတ်ပြန်ခြင်း၊ ဆိပ်ကမ်းသို့ ရောက်ရှိလာသော ကုန်စည်များအား သီးခြားထား၍ စစ်ဆေးခြင်း၊ စာရွက်စာတမ်း မပြည့်စုံသော

သွင်းကုန်ပစ္စည်းများအား ဖမ်းဆီးခြင်း၊ အတုအပပစ္စည်းများ၊ မှောင်ခိုပစ္စည်းများနှင့် မူပိုင်ခွင့်ချိုးဖောက်ထားသော ပစ္စည်းများကို ဖမ်းဆီးခြင်း၊ သွင်းကုန်ပစ္စည်းများတွင် သင့်လျော်သည့်ကုန်ပစ္စည်းအညွှန်းတပ်ဆင်စေခြင်းတို့အပါအဝင် လုပ်ငန်းများကို ဆောင်ရွက်ပါသည်။

**ဈေးကွက်ဝင်ရောက်ခွင့်**

တရုတ်နိုင်ငံသို့ လတ်ဆတ်သစ်သီးဝလံတင်ပို့မည့် ပို့ကုန်လုပ်ငန်းရှင်အသစ်တစ်ဦးအနေဖြင့် ၎င်းတင်ပို့မည့်သစ်သီးဝလံမှာ တရားဝင်တင်ပို့ခွင့်ရှိသည့်စာရင်းတွင် ပါဝင်မှုရှိ/မရှိ အရင်စစ်ဆေးရန်လိုအပ်ပါသည်။ အကယ်၍ပါဝင်ခြင်းမရှိပါက တင်ပို့လိုသည့် နိုင်ငံ၏အစိုးရက ၎င်းနိုင်ငံရှိ တရုတ်သံရုံးမှတဆင့် GACC နှင့် ဈေးကွက်ဝင်ရောက်ခွင့်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရပါမည်။ GACC သစ်သီးဝလံဈေးကွက်ဝင်ရောက်ခွင့်လုပ်ထုံးလုပ်နည်းပြ ဂရပ်ဖ်ပုံမှာ နောက်ဆက်တွဲပါအတိုင်းဖြစ်ပါသည် ။



သစ်သီးဝလံတင်ပို့မှုများအတွက် လိုအပ်သည့် စာရွက်စာတမ်းများ

GACCစာရင်းဝင်ပြီးသည့် သစ်သီးဝလံအား တရုတ်နိုင်ငံသို့ တင်ပို့ပါက အောက်ဖော်ပြပါ စာရွက်စာတမ်းများကို ပြည့်စုံစွာရယူထားရန် လိုအပ်ပါသည် –

(၁) Shipping List

(၂) Insurance Policy

(၃) Country of Origin Certificate

(၄) Invoice

(၅) Customs Declaration

(၆) Phytosanitary Certificate

(၇) Bill of Lading

(၈) Purchase and Sales Contract

အကယ်၍ လိုအပ်ပါက သွင်းကုန်လိုင်စင်နှင့် ပိုးမွှားစစ်ဆေးထားသည့် လက်မှတ်များကိုပါတင်ပြရမည်။

**လေ့လာချက်များအပေါ် သုံးသပ်တင်ပြချက်များ**

လူဦးရေ (၁.၄)ဘီလီယံကျော်ရှိသည့် တရုတ်နိုင်ငံ၏ ဈေးကွက်သို့ မြန်မာနိုင်ငံမှ နဂါးမျက်စိ (လိုဂန်)သီး၊ မင်းဂွတ်သီး၊ လိုက်ချီးစ်သီး၊ ကြက်မောက်သီး၊ သရက်သီး၊ ဖရဲသီး၊ အိန္ဒိယဆီးသီးတို့အား တရားဝင်တင်ပို့ခွင့်ရရှိထားပါသည်။ ၎င်းသစ်သီးဝလံများအနက် သရက်သီး၊ ဖရဲသီးနှင့် သခွားမွှေးများကို မြန်မာနိုင်ငံက နယ်စပ်ဘက်မှ အများ အပြားတင်ပို့လျက်ရှိပါသည်။ ထိုသီးနှံများအနက် မြန်မာနိုင်ငံမှဖရဲသီးနှင့် သခွားမွှေး ထွက်ရှိချိန်မှာ တရုတ်နိုင်ငံ၌ ဖရဲ/သခွား ထွက်ရှိမှု မရှိသောအချိန်ဖြစ်သောကြောင့် အချိန် ကောင်းဖြစ်ပါသည်။ မိမိနိုင်ငံမှ ဖရဲသီးများ အဆင်ပြေချောမွေ့စွာတင်ပို့နိုင်ရေးနှင့် နယ်စပ်ဒေသအပြင် အခြားပို့ဆောင်ရေးနည်းလမ်းများဖြင့်ပါ တင်ပို့နိုင်ရေးအတွက် နှစ်ဖက် ဌာနဆိုင်ရာအချင်းချင်း၊ နှစ်ဖက်လုပ်ငန်းရှင်များအချင်းချင်း ထိထိရောက်ရောက်ချိတ်ဆက် ဆောင်ရွက်သင့်ပါသည်။


သရက်သီးနှင့်စပ်လျဥ်း၍မူ တရုတ်နိုင်ငံ၌ ဇူလိုင်လမှ စက်တင်ဘာလအထိမှာ သရက်သီးနှစ်နေရာမှ ထွက်ရှိသောကြောင့် ပေါများသောကာလဖြစ်ပါသည်။ မြန်မာ သရက်သီးထွက်ရှိချိန်မှာ ဟိုင်နန်ကျွန်းမှ သရက်သီးထွက်ချိန်နှောင်းပိုင်းနှင့် ပိုင်စဲ့မှ သရက်သီး စတင်ထွက်ရှိချိန်တို့ကြားကာလတွင် ဖြစ်ပါသည်။ ၎င်းကာလအတွင်း မေလနှင့် ဇွန်လများ တွင် ရောင်းလိုအားနည်းတတ်သဖြင့် မြန်မာသရက်သီးများအတွက် ဈေးကွက်နေရာယူ နိုင်မည့်အချိန်ဖြစ်ပါသည်။ ၎င်းအချိန်၌ မိမိနိုင်ငံမှ သရက်သီးများ အဆင်ပြေ ချောမွေ့စွာ တင်ပို့နိုင်ရေးနှင့် နယ်စပ်ဒေသအပြင် အခြားပို့ဆောင်ရေးနည်းလမ်းများဖြင့်ပါ တင်ပို့နိုင်ရေး အတွက်ထိထိရောက်ရောက် ချိတ်ဆက် ဆောင်ရွက်သင့်ပါသည်။

အထက်ဖော်ပြပါ သစ်သီးဝလံများအပြင် ထောပတ်သီး၊ ငှက်ပျောသီး၊ နာနတ် သီးအပါအဝင် အခြားသစ်သီးဝလံများကိုလည်း တရားဝင်တင်ပို့ခွင့်ရရှိရေး နှစ်နိုင်ငံ သက်ဆိုင် ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နေပါသည်။ (၂၀၂၀)ခုနှစ်အတွင်း တရုတ်ဈေးကွက်၌ နာနတ်သီး၊ ပင်မှည့်သီး၊ နဂါးမောက်သီး၊ နဂါးမျက်စိသီး (လိုဂန်)၊ ဖရဲသီး၊ သခွားမွှေး၊ မင်းဂွတ်သီး၊ ဒူးရင်းသီး၊ တစ်ရှူးငှက်ပျောသီး ၊ ပိန္နဲသီးတို့မှာ အထူးရောင်းရ ကြောင်း ၁၄-၈-၂၀၂၀ ရက်နေ့က China-ASEAN Import and Export Fruits Chamber of Commerce အဖွဲ့နှင့် ဆွေးနွေးချက်များအရ သိရပါသည်။ ထို့ပြင် စီးပွားရေးသံမှူးထံသို့ ပင်မှည့်သီး

များနှင့် လိုဂန် (နဂါးမျက်စိသီး)များတင်သွင်းလိုကြောင်း လာရောက်စုံစမ်းမှုများလည်း ရှိခဲ့ပါသည်။

ဝယ်လိုအားများသည့် သစ်သီးဝလံများအနက် နဂါးမျက်စိသီး (လိုဂန်)နှင့် မင်းဂွတ်သီးတို့မှာ မြန်မာနိုင်ငံမှ တင်ပို့ခွင့်ရရှိထားပြီးဖြစ်သောကြောင့် တိုးချဲ့စိုက်ပျိုးနိုင်ခြင်း ရှိ/မရှိ အသေးစိတ်လေ့လာမှုပြုပြီး ဖြစ်နိုင်ခြေရှိပါက စီမံချက်ချမှတ်၍ အကောင်အထည် ဖော်ဆောင်ရွက်သင့်ပါသည်။

၎င်းသစ်သီးနှစ်မျိုးအပြင် ဒူးရင်းသီး၊ ထောပတ်သီး၊ ပိန္နဲသီးများမှာ တရုတ်နိုင်ငံ၌ စီးပွားဖြစ် စိုက်ခင်းများ ကျယ်ကျယ်ပြန့်ပြန့်မရှိသေးသောကြောင့်လည်းကောင်း၊ စိုက်ပျိုး နိုင်သောရာသီဥတုမတူညီသည့်အတွက်လည်းကောင်း ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီး ရှားနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းနေသော သစ်သီးဝလံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ၊ တရုတ်အကောက်ခွန်မှ ခွင့်ပြုသည့်စာရင်းတွင် ထည့်သွင်းပြီး၊ တရုတ်နိုင်ငံ၏ စံချိန်စံညွှန်း များနှင့်အညီနိုင်ပါက မြန်မာသစ်သီးဝလံကဏ္ဍအတွက် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာနိုင်ပါကြောင်း သုံးသပ်တင်ပြအပ် ပါသည်။



## ကိုးကားသည့်ရင်းမြစ်များ


1) aa.com.tr
2) China Daily
3) China Discovery
4) cn.bing.com
5) durianharvest.com
6) en.people.cn
7) FAO.org
8) Freshplaza.com
9) Globaltimes
10) https://ipad.fas.usda.gov
11) Ishs.org
12) Latimes.com
13) Navigator-asia.com
14) Produce report.com.com
15) Radio Free Asia (RFA)
16) South China Morning Post
17) TheStar
18) Wikipedia
19) XinhuaNet
20) YumChina